
၂၀၂၀-၂၀၂၁ ခုနှစ် အထိ ထွက်ရှိထားသော သင်ရိုးသစ် သင်ရိုးညွှန်းတမ်းများမှ

အလယ်တန်းအဆင့်

# သမိုင်း

သင်ခန်းစာများအား

# ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိကို လေ့လာဆန်းစစ်ခြင်း



နန်းမဆန်း ၊ ရဲဇော်ခန့် ၊ ရီရီပြုံး ၊ ရဲရင့်အောင်

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အထိ ထွက်ရှိထားသော သင်ရိုးအသစ် သင်ရိုးညွှန်းတမ်းများမှ အလယ်တန်းအဆင့် သမိုင်းဘာသာရပ်ပါသင်ခန်းစာများအား ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိကို လေ့လာဆန်းစစ်ခြင်း။

နန်းမဆန်း၊ ရဲဇော်ခန့်၊ ရီရီပြုံး၊ ရဲရင့်အောင်

## မာတိကာ


ကျေးဇူးတင်လွှာ ၁

သုတေသနအကြောင်းအရာ အနှစ်ချုပ် ၃

အခန်း (၁) နိဒါန်း ၅

အခန်း (၂) နောက်ခံသမိုင်းကြောင်း။ ၇

(၂.၂) သမိုင်းဘာသာရပ်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ၈

(၂.၃) မြန်မာနိုင်ငံ၏ သင်ရိုးညွှန်းတမ်းပြောင်းလဲလာပုံ ၁၁

(၂.၄) မြန်မာနိုင်ငံတွင် သင်ကြားနေသော သမိုင်းဘာသာရပ် ၁၁

အခန်း(၃) သုတေသနနည်းလမ်းများ ၁၄

အခန်း (၄) တွေ့ရှိချက်နှင့် ဆွေးနွေးချက်များ ၁၈

(၄.၁) အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းနှင့် မြန်မာ့နိုင်ငံရေး ဆက်နွယ်မှု ၁၈

(၄.၁.၁) သမိုင်းသင်ရိုးဟောင်းနှင့် ဝါဒဖြန့်ခြင်း ၁၈

(၄.၁.၂) သမိုင်းသင်ရိုးဟောင်းနှင့် တွေးခေါ်မှုစွမ်းရည် ၁၉

(၄.၂) အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးအသစ်၏ ကောင်းမွန်သော ပြောင်းလဲမှုများ ၂၀

(၄.၂.၁) တွေးခေါ်မှုဦးစားပေး သင်ကြားပုံ ၂၁

(၄.၂.၂) ကောင်းမွန်သော သင်ခန်းစာဖွဲ့စည်းပုံ ၂၁

(၄.၃) အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးအသစ်အပေါ် ဝေဖန်မှုများ ၂၂

(၄.၃.၁) မြန်မာ့သမိုင်းသင်ရိုးသစ်သင်ခန်းစာများတွင်ပါဝင်နေဆဲဖြစ်သည့်လူမျိုးကြီး ဝါဒ ၂၃

(၄.၃.၂) ငြိမ်းချမ်းမှုမဖော်ဆောင်နိုင်သေးသည့် စာသင်ခန်းရပ်ဝန်းနှင့် သင်ခန်းစာများ အကြောင်း ၂၃

(၄.၃.၃) ဖက်ဒရယ် ပျောက်ဆဲ သင်ရိုး ၂၄

(၄.၃.၄) ကျားမခွဲခြားမှု ဆက်လက်ကြီးစိုးနေသော သင်ရိုး ၂၅

(၄.၄) ဖယ်ဒရယ်ဒီမိုကရေစီစံနူန်းနှစ်မြုပ်သည့် ဖြစ်သင့်သောအနာဂတ် သမိုင်းသင်ရိုး ညွှန်းတမ်း ၂၆

(၄.၄.၁) အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တွင် မြန်မာ့သမိုင်းသင်ရိုးပုံဖော် ရေးဆွဲမည့် ပညာရှင်များ ၂၆

(၄.၄.၂) မြန်မာ့သမိုင်းသင်ရိုးအသစ်တွင်ပယ်ဖျက်ရမည့် လူမျိုးကြီးဝါဒ ၂၈

(၄.၄.၃) ငြိမ်းချမ်းမှုဦးတည်သော မြန်မာ့သမိုင်း သင်ခန်းစာများ ၂၉

(၄.၄.၄) ဖက်ဒရယ်မူအခြေခံသော သမိုင်းသင်ရိုးညွှန်းတမ်း။ ၃၀

(၄.၄.၅) တန်းတူညီမျှ ကျားနှင့်မ။ ၃၁

(၄.၄.၆) သုံးသပ်တွေးခေါ် ခြင်းကို ဦးတည်ရည်ရွယ်သော သမိုင်းသင်ခန်းစာများ။ ၃၂

အခန်း (၅) သုံးသပ်ချက်နှင့် အကြံပြုချက်များ။ ၃၃

နောက်ဆက်တွဲ ၃၉

ကျမ်းကိုးစာရင်း ၄၃

## ကျေးဇူးတင်လွှာ

ဤစာတမ်းသည် Myanmar Youth for Peace and Development (MYPD) မှ ဦးဆောင်ပြုလုပ်သော Student Research Initiative (SRI) Project၏ အပတ်စဉ် (၂) မှ ရရှိခဲ့သော အကျိုးရလဒ်တစ်ခုဖြစ်ပြီး အောင်မြင်စွာ ဖြစ်မြောက်ပြီးစီးအောင် အဖက်ဖက်မှပံ့ပိုးကူညီပေးကြသော တစ်ဦးချင်းစီကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ပထမဦးစွာ စာတမ်းပြုစုရေးသားခွင့်ပေးသော Myanmar Youth for Peace and Development (MYPD)မှ အမှုဆောင်ဒါရိုက်တာ ကိုထက်လင်းဦး၊ ဆက်ဆံရေးဒါရိုက်တာ ကိုမင်းညီညီ၊ ပရိုဂရမ်ဒါရိုက်တာ ကိုနိုင်မင်းခန့်နှင့် အခြားသော MYPD အဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း လေးနက်စွာ မှတ်တမ်းတင်အပ်ပါသည်။ သင်တန်းတစ်လျှောက်တွင် မေတ္တာ၊ စေတနာအပြည့်ဖြင့် သုတေသနဆိုင်ရာသင်ခန်းစာအကြောင်းအရာများအား ပို့ချသင်ကြားပေးခဲ့သော ဆရာ ကိုထက်လင်းဦး၊ ဆရာ ကိုမင်းညီညီခန့်၊ ဆရာမ မချိုဇင်သက်၊ ဆရာ ကိုထက်သီဟဇော်၊ ဆရာမ မမျိုးမျိုးကျော်၊ ဆရာ ကိုနိုင်မင်းခန့်တို့အား ကျေးဇူးတင်ပါသည်။ ထို့အပြင် သင်ခန်းစာများအားသင်ကြားပို့ချပေးပြီး စာတမ်းရေးသားရာတွင်လည်း လိုအပ်ချက်များကို အကြံပြုကာ ဖြည့်စွက်ထောက်ပြပြီး ခွန်အားဖြစ်စေသော စကားလုံးများဖြင့် အဖွဲ့အပေါ် ကြီးကြပ်ပေးခဲ့သော ဆရာမ မဝင်းဝင်းမေ၊ အဖွဲ့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သော ကိုဖြိုးသီဟအောင်တို့အား အထူး ကျေးဇူးတင်ရှိပါသည်။

၎င်းအပြင် သင်တန်းအတွက် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုပေးပါသော သပြေပညာရေးဖောင်ဒေးရှင်းကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာတမ်းဖြစ် မြောက်အောင် အင်တာဗျူးမေးခွန်းများအား အချိန်ပေးဖြေကြားပေးခဲ့သည့်အပြင် အဖိုးတန်လှသော ဆွေးနွေးချက်များ၊ အကြံပြုချက်များအား မျှဝေပေးခဲ့ပါသော ဆရာ၊ ဆရာမများ၊ ပညာရှင်များကိုလည်း ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် အင်တာဗျူးအတွက် ချိတ်ဆက်

လုပ်ဆောင်ခြင်းအပိုင်းတွင် အားပေးကူညီပေးခဲ့ပါသော မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအသီးသီးတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

## သုတေသနအကြောင်းအရာ အနှစ်ချုပ်

ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ဦးတည်ခဲ့သော မြန်မာနိုင်ငံသည် ပညာရေး ကဏ္ဍတွင်လည်း ၂၀၁၂ခုနှစ်မှစ၍ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအသစ်ကိုရေးဆွဲခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ စတင်မိတ်ဆက်သင်ကြားခဲ့သည် (Myanmar Times,2017)။ ယခင်သင်ရိုးအဟောင်းအပေါ်တွင် လူမျိုးကြီးဝါဒ ကြီးစိုးနေခြင်း၊ တန်းတူညီမျှမှု မရှိခြင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ သမိုင်းကြောင်းများကိုထိမ်ချန်ထားခြင်းများစသည့် ဝေဖန်မှုများရှိခဲ့သည်။ သင်ရိုးသစ်များမှ နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုများအကြောင်းနှင့် ယင်းတို့၏ သမိုင်းကြောင်းဖြစ်စဉ်များကို လေ့လာခွင့်ရနိုင်မည့် လူမှုရေးဘာသာရပ်တစ်ခုဖြစ်သည့် သမိုင်းဘာသာရပ် သင်ရိုးသစ်အား ဝေဖန်ထောက်ပြထားသော စာတမ်း၊ စာစောင်များအား မတွေ့ရှိရသေးပေ။ ထိုလိုအပ်ချက်ကို ဖြည့်ရန်ရည်ရွယ်၍ ဤသုတေသနစာတမ်းသည် မြန်မာနိုင်ငံ၏ ပြောင်းလဲမွမ်းမံခဲ့သော သင်ရိုးအသစ်မှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးညွှန်းတမ်းအပေါ် ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီမှုရှိမရှိကို လေ့လာ ဆန်းစစ်သော စာတမ်းဖြစ်သည်။ ယခုသုတေသနတွင် စီစစ်ရွေးချယ်နမူနာ ကောက်ယူနည်း (Purposive Sampling) ကို အသုံးပြုခဲ့သည့်အပြင် အလယ်တန်းပြ ဆရာ၊ ဆရာမ (၃)ဦး၊ အရပ်ဘက်အဖွဲ့အစည်းမှ ပညာရှင် (၃)ဦးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့မှ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး (၁)ဦး စုစုပေါင်း (၇)ဦးတို့အား အင်တာဗျူး မေးမြန်းခဲ့ပါသည်။ ဤစာတမ်း၏တွေ့ရှိချက်များတွင် အလယ်တန်းအဆင့်မြန်မာ့ သမိုင်းသင်ရိုးသစ်တွင် ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းအပေါ်အခြေခံ၍ အပြုသဘောဆောင်သော ပြောင်းလဲမှုအချို့ ပါဝင်နေသော်လည်း လူမျိုးကြီးဝါဒ လွှမ်းမိုးမှုရှိသည့် သင်ခန်းစာများဆက်လက်ပါရှိနေခြင်း၊ ငြိမ်းချမ်းရေးကို ဦးတည်စေသောအကြောင်းအရာများ ပါဝင်မှုမရှိခြင်း၊ သမိုင်းကြောင်းဆိုင်ရာအကြောင်းအရာများအား ဆန်းစစ်ဝေဖန်နိုင်ရန် အခွင့်အလမ်းများမထည့်သွင်းထားခြင်း၊ ၎င်းသင်ရိုးသည် ကျား၊မခွဲခြားဆက်ဆံမှုကို ဦးတည်စေနိုင်သောအရင်းအမြစ်တစ်ခု ဖြစ်လာနိုင်ခြင်းနှင့် ထိုသင်ရိုးသစ်သည် ဖက်ဒရယ်၏

အနှစ်သာရ ပါဝင်မှုမရှိသေးခြင်း အစရှိသည့် အချက်တို့ကို တွေ့ရှိခဲ့သည်။ နောက်ဆုံးအနေဖြင့် ဤလေ့လာမှုတွင် အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးသစ်၏ သင်ရိုးဟောင်းနှင့် ကွာခြားမှု၊ ထပ်မံပြင်ဆင်ရန်လိုအပ်သော အပိုင်းများအားထောက်ပြမှုများနှင့်အတူ အကြံပြုချက်များကို ဆွေးနွေးဖော်ပြထားပါသည်။

**အခန်း (၁) နိဒါန်း**

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းဟောင်းကို ၁၉၉၅နှင့် ၁၉၉၉တွင် တစ်ကြိမ်သာ ပြုပြင်ပြောင်းလဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မတိုင်ခင်အထိ အသုံးပြုခဲ့ကြသည် ( Win Zaw Htet, 2020, pg-38 )။ မြန်မာ့ပညာရေးသမိုင်းတစ်လျှောက်တွင် အာဏာရအစိုးရများက သင်ရိုးညွှန်းတမ်းများကိုငင်းတို့၏ နိုင်ငံရေးမူဝါဒများကို အထောက်အပံ့ဖြစ်စေမည့် ရည်ရွယ်ချက်ဖြင့်သာသင်ရိုးများကို မွမ်းမံခြင်း၊ ပြင်ဆင်ခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် သင်ရိုးညွှန်းတမ်းအဟောင်းတွင် အားနည်းချက်များစွာရှိခဲ့ပြီး ဝေဖန်မှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံရှိ သင်ရိုးညွှန်းတမ်းအဟောင်းတွင် ဗမာယဉ်ကျေးမှုကို အလေးပေးကာ ဗမာမဟုတ်သော တိုင်းရင်းသားများ၏ သမိုင်းဆိုင်ရာ အဖြစ်အပျက်များကို ထိန်ချန်ဖော်ပြထားခြင်း၊ တစ်ပြည်ထောင် အမျိုးသားနိုင်ငံတည်ထောင်လိုသောဘက်ကို ယိမ်းယိုင်နေခြင်းများကို တွေ့ရှိရခြင်းအပြင် တိုင်းရင်းသားလူမျိုးစုများ၏အကြောင်းကို ပိတ်ပင်တားဆီး ထားခြင်းများ တွေ့ရှိရပါသည် (လွဲ့လွဲ့၊ ၂၀၂၀)။ ထိုကဲ့သို့ ထိမ်ချန်ခြင်း၊ ပိတ်ပင်တာဆီးခြင်းသည် ဒီမိုကရေစီစံတန်ဖိုးထားမှုများဖြစ်သည့် တန်းတူညီမျှမှု၊ လွတ်လပ်စွာထုတ်ဖော် ပြောဆိုမှု အစရှိသည်တို့ကို ဖျောက်ဖျက်ချိုးဖောက်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ထို့အပြင် စစ်အုပ်ချုပ်သည့် အချိန်ကာလများအတွင်း အာဏာရှင်များကသမိုင်းဆိုင်ရာ အချက်အလက် များအပေါ် လက်ဝါးကြီးအုပ်ကာ မိမိတို့အလိုကျ သမိုင်းများကို ရိုးရိုးရှင်းရှင်းဖြင့် သင်ရိုးညွှန်းတမ်းများတွင် ပြဋ္ဌာန်းသင်ကြားစေခဲ့သည် (Paw, J. G. K., 2019)။ တစ်နည်းအားဖြင့်ဆိုသော် အာဏာပိုင်များသည် မိမိတို့ချမှတ်ပေးထားသော သင်ရိုးအတိုင်း ဗဟိုမှ ချုပ်ကိုင်သော စနစ်ဖြင့် သွားခဲ့ကြသည်။ အမှန်စင်စစ်တွင် မြန်မာနိုင်ငံအနေဖြင့် အနာဂတ် နိုင်ငံရေးမျှော်မှန်းချက်သည် ဖက်ဒရယ်ဒီမိုကရေစီဖြစ်သောကြောင့် ပညာရေးစီမံခန့်ခွဲမှုအပိုင်းတွင် ဗဟိုချုပ်ကိုင်မှု ကင်းလွတ်ရန်အထူးလိုအပ်သည်။ တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စား

ပြုပေးနိုင်သည့် ဘက်မလိုက်သော တရားမျှတသော သင်ရိုးဖြစ်ရန်အတွက်လည်း လွန်စွာ အရေးကြီးသည်။

၂၀၁၀ခုနှစ်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ဦးတည်ခဲ့သော မြန်မာနိုင်ငံသည် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့ကြသည်။ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအသစ်ကိုမူ ၂၀၁၂ခုနှစ်မှ စ၍ ရေးဆွဲခဲ့ပြီး ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ စတင်မိတ်ဆက်သင်ကြားခဲ့သည် (Myanmar Times, 2017)။ သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ သမိုင်းသင်ရိုး ညွှန်းတမ်းအဟောင်းတစ်လျှောက် အပြစ်တင်မှုများ၊ ဝေဖန်ပြောဆိုချက်များရှိနေခဲ့ပြီး နောက်ဆုံး ပြုပြင်ပြောင်းလဲခဲ့သော အလယ်တန်းသမိုင်းသင်ရိုးအသစ်တွင်လည်း ဖော်ပြပါဝေဖန်ချက် များနှင့် ညီွတ်နိုင်မှုရှိမရှိ ဟူသော အချက်ကိုသည်စီစစ်သုံးသပ်ရန်လည်း အမှန်တကယ် လိုအပ်နေပေသည်။ ထို့ကြောင့် ဤစာတမ်းတွင် ဖက်ဒရယ်ဒီမိုကရေစီစံ ချိန်စံနှုန်းတစ်ခုဖြစ်သည့် တိုင်းရင်းသားလူမျိုးစု သမိုင်းကြောင်းများ ပါဝင်မှု၊ တန်းတူညီမျှမှုနှင့် လွတ်လပ်စွာတွေးခေါ်ခွင့်ရရှိမှု အစရှိအချက်များဖြင့် စီစစ်ထိုးချိန်သွားမည်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် ဤသုတေသန စာတမ်းသည် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော သင်ရိုးညွှန်းတမ်းသစ်များမှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးအသစ်ပါ သင်ခန်းစာများသည် ဖယ်ဒရယ်ဒီမိုကရေစီစံချိန်စံနှုန်းနှင့် ကိုက်ညီမှုရှိမရှိ အပေါ် လေ့လာဆန်းစစ် ဆွေးနွေးသုံးသပ်သွားပါမည်။

**အခန်း (၂) နောက်ခံသမိုင်းကြောင်း။**

ပညာရေးသည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သော ပါရမီ၊ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်၊ လွတ်လပ်မှု၏ သင်္ကေတဖြစ်သည်။ ပညာရေးသည်ဘဝအောင်မြင်မှုလမ်းစကို လမ်းညွှန်ပြသပေးနိုင်ရုံသာမကလူမှုကျင့်ဝတ်များ၊ ခွန်အားများ၊ စရိုက်လက္ခဏာများနှင့် ကိုယ့်ကိုကိုယ်လေးစားတန်ဖိုးထားခြင်းတို့ကိုလည်း ပေးစွမ်းနိုင်ပါသည်။ ထို့အပြင် ပညာရေးနှင့် ကင်းလွတ်သော လူသားဟူသည် မရှိ၊ ပညာဖြင့်သာ အသက်မွေးဝမ်းကြောင်းပြု၍ ဘဝကို ဖြတ်သန်းရသည်ချည်းပင်ဖြစ်ပါသည်(Bhardwaj, 2016)။ ထို့ကြောင့် လူတစ်ယောက်ချင်းစီတိုင်း အတွက် လူမှုအသိုက်အဝန်း၌ အဆင်ပြေစွာ အသက်ရှင်နေထိုင်နိုင်ရန်အတွက် ပညာရေးသည် လွန်စွာ အရေးကြီးပါသည်။

ပညာရေးသည် လူတစ်ဦးတစ်ယောက်ချင်းစီအတွက် အရေးကြီးရုံသာမက လူ့အဖွဲ့အစည်း များဖြင့် တည်ဆောက်ထားသော နိုင်ငံတစ်နိုင်ငံချင်းစီအတွက်လည်း အရေးကြီးသည်။ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများကို လေ့လာကြည့်ပါက ၎င်းနိုင်ငံများ၏ ပညာရေးစနစ်နှင့် ပညာရေးစနစ်များမှထွက်လာသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ ပညာရည် အဆင့်မြင့်မားပုံကို တွေ့ရမည် ဖြစ်ပါသည်(Oliver, 2004)။ ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်သည့် ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ခြင်း မရှိသောနိုင်ငံများသည် စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးနယ်ပယ်မှ အဘက်ဘက်တွင် နိမ့်ပါးသွားနိုင်သည်ကို တွေ့နိုင်ပါသည်။ ဥပမာအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံကိုကြည့်လျှင်ပင် စနစ်ကျပြီးခိုင်မာသော ပညာရေးစနစ်မရှိခြင်းကြောင့် တိုင်းပြည်သည် နိမ့်သထက်နိမ့်ပါးကာ ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများ စာရင်းတွင် ဖော်ပြခြင်းခံခဲ့ရသည်(UNDP Myanmar, 2013)။ ထို့ကြောင့် ပညာရေးသည် နိုင်ငံတစ်နိုင်အား ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် အဓိကမောင်းနှင်အားပင် ဖြစ်ပါသည်။

## (၂.၁) ဖက်ဒရယ်ဒီမိုကရေစီ ပညာရေး

ဒီမိုကရေစီပညာရေးစနစ်သည် ဗဟိုချုပ်ကိုင်မှုမရှိသော ပညာရေးစနစ်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား မိမိကိုယ်တိုင်ဆင်ခြင်စဉ်းစား ဆုံးဖြတ်စေသော အလေ့အကျင့်ကောင်းများ မွေးထုတ်ပေးရန် ရည်ရွယ်သည်။ ထို့အပြင် ဒီမိုကရေစီ ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူများသည် ထိရောက်အဆင်ပြေချောမွေ့စွာ ပြောဆို ဆက်ဆံတတ်သော စွမ်းရည်၊ ဝေဖန်ပိုင်းခြား တွေးခေါ်နိုင်သော စွမ်းရည်၊ ဟန်ချက်ညီစွာ အကျိုးသင့် အကြောင်းသင့် ပြန်လည်ထောက်ပြနိုင်သောစွမ်းရည် စသည့်ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ကိုက်ညီ သော စွမ်းရည်များကို လေ့လာသင်ယူခွင့် ရရှိသင့်ပါသည် (Collins, Hess & Lowery, 2019, pg-2)။ ထို့ကြောင့် ဒီမိုကရေစီ ဆန်သော သင်ကြားပုံစနစ်မှာ ကျောင်းသား၊ ကျောင်းသူများအား အမိန့်ပေးနာခံစေခြင်း မဟုတ်ဘဲ လမ်းညွှန်းထိန်းညှိပေးခြင်း၊ ပံ့ပိုးပေးခြင်းဟု ဆိုနိုင်ပေသည် ။

ထိုသို့လူ့အခွင့်အရေးနှင့်ပြည့်စုံနေသော ဒီမိုကရေစီပညာရေးတွင် သည်းခံခွင့်လွှတ်မှု၊ လေးစားမှု၊ အသိအမှတ်ပြုမှု၊ အပြန်အလှန်ယုံကြည်မှုနှင့်စာနာမှု အစရှိသော အခြေခံစံတန်ဖိုးများ ပါရှိသော ဖက်ဒရယ်စနစ်အား ပေါင်းထည့်ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပညာရေးသည် တစ်ဦး တစ်ယောက်ချင်းစီအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် အာမခံချက် အပြည့်အဝပေးနိုင်သော ပညာရေးဖြစ်ပါသည်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတွင် ပညာရေး၏ ရည်ရွယ်ချက်သည် ကျောင်းသားများ၏ နှလုံးသားထဲသို့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘက်မလိုက်ခြင်းနှင့် တရားမျှတမှု စသည့်တန်ဖိုးများ သွတ်သွင်းရန်ဖြစ်သည်(Scratch, 2019)။ ထိုရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ်ဖြင့်သာ ဖော်ဆောင်ရမည်ဖြစ်ပါသည်။

## (၂.၂) သမိုင်းဘာသာရပ်နှင့် ဖက်ဒရယ်ဒီမိုကရေစီ

ပညာရေးနှင့် နိုင်ငံရေးကဏ္ဍသည် တစ်ခုနှင့်တစ်ခုချိတ်ဆက်ပံ့ပိုးမှုရှိသည့်အပြင် ထို့အခန်းကဏ္ဍ နှစ်ရပ်အား အဓိက ဆက်သွယ်ပေးသော လမ်းကြောင်းမှာ သမိုင်းဘာသာရပ်ဟု

ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းဘာသာရပ် သင်ကြားခြင်းသည် လူ့အဖွဲ့စည်းအား မည်မျှပုံဖော်ပေးနိုင်သည်ကို ပြည်တွင်းပြည်ပပညာရှင်များမှ ထောက်ပြ အဆိုပြုထားချက်များ များစွာရှိနေပါသည်။ ပထမဦးစွာ မြန်မာနိုင်ငံသမိုင်းပညာရှင် တစ်ဦးဖြစ်သူ ဒေါက်တာသန်းထွန်းမှ သမိုင်းရဲ့သဘော၊ သမိုင်းရဲ့သမ္ဘာသည် အတိတ်ကို မှတ်တမ်းတင်ပြီး အနက်ကောက်ချက်ထုတ်ခြင်း၊ အနာဂတ်ကို မှန်းကြည့်ခြင်းအလုပ်များဖြစ်သည်ကို ဖွဲ့စည်းရှင်းပြထားသည်(ဒေါက်တာသန်းထွန်း ၂၀၀၁၊ မြန်မာသမိုင်း၊ စာ ၁)။သမိုင်းဘာသာရပ်ကို သင်ကြားရခြင်းဖြင့် အတိတ်သမိုင်းဖြစ်စဉ်များကို ဆင်ခြင်သုံးသပ်ကာ ပစ္စုပ္ပန် ဖြစ်ရပ်များနှင့် နှိုင်းယှဉ်၍ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည့် အတွေးအခေါ်များ ရရှိစေနိုင်သည်။

လူ့အဖွဲ့အစည်း၏ သမိုင်းဆိုင်ရာသိမှုများနှင့်အတူ အမူအကျင့်များသည် နိုင်ငံရေးဓလေ့ အပေါ်မှာ အကျိုးသက်ရောက်မှုရှိနေစေပြီး ထိုနိုင်ငံရေးဓလေ့များကပဲ လူ့အဖွဲ့အစည်းအပေါ် ပြန်လည်ထိန်းချုပ်သွားစေပြီး အုပ်ချုပ်သူတွေရဲ့ အခန်းကဏ္ဍတွေကို ကြီးကြီးမားမား ဖော်ဆောင်ပေး ခြင်းမျိုး ဖြစ်စေနိုင်သည်(မှူးသစ်၊ ၂၀၂၁)။ ဖွံ့ဖြိုးတိုးတက်ပြီးသော ဒီမိုကရေစီနိုင်ငံတော်အများစုတွင် ရှေးပဒေသရာဇ်ခေတ်၊ အာဏာရှင်ခေတ်တွင် ၎င်းတို့၏ စိတ်အလိုကျ ရေးဆွဲထားသောသမိုင်းများကို တတ်နိုင်သမျှ ပြန်လည်စီစစ်ပြီး တိုင်းပြည် အတွင်းနေထိုင်ကြသော လူနည်းစုမျိုးနွယ်စုငယ်များ၏ သမိုင်းမှတ်တမ်း အချက်လက်များနှင့် အရေးနိမ့်ခဲ့သူများ၏ သမိုင်းမှတ်တမ်းများကိုပါ ခေတ်ပြိုင် အနေဖြင့် ဖော်ပြခွင့်ပေးကာ ပြည်ထောင်စုနှင့် အမျိုးသားနိုင်ငံတော်အဖြစ် ပေါင်းစည်းဖြစ်ပေါ်လာပုံ သမိုင်းများကို တတ်နိုင်သမျှ တိတိကျကျ လေ့လာပြုစုပြီး သမိုင်းဘာသာရပ်တွင် ထည့်သွင်းသင်ကြား ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်နေခဲ့ပြီဖြစ်ပါသည်(စိုင်းထွန်းအောင်လွင်၊ ၂၀၁၆)။ ဥပမာအားဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် နိုင်ငံ့သမိုင်းနှင့်ပတ်သက်၍ သမိုင်းဘာသာရပ်တွင် နိုင်ငံအတွင်း အတူတကွနေထိုင်ကြသော ဂျာမန်စကားပြော၊ အီတာလျှံစကားပြော၊ ရိုးမန့်ရှ်နှင့်ပြင်သစ် စကားပြောလူမျိုးများ နိုင်ငံတွင်းသို့ အခြေချနေထိုင်လာပုံ၊ အချင်းချင်းစစ်ပွဲများဖြစ်လာပုံမှစ၍ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပေါင်းစည်းရန် ကြိုးစားခဲ့ကြသော သမိုင်းကြောင်းဆိုင်ရာ

အချက်လက်များကို နိုင်ငံအတွင်းတွင်နေထိုင်သော လူမျိုးစုများအားလုံး မနစ်နာစေရအောင် အတတ်နိုင်ဆုံးမှန်မှန်ကန်ကန်ဖြင့် ရေးသာပြုစုထားခြင်းကိုတွေ့ရှိရပါသည်(Gautschi, 2015)။ ထိုသို့ မျှတမှန်ကန်စွာ ရေးဆွဲထားသော သမိုင်းကြောင်းများ၏ သက်ရောက်မှုဖြင့် မျှတသော လူ့အဖွဲ့အစည်းအား ဖော်ဆောင်ထားသောကြောင့် ပဋိပက္ခများနည်းပါးကာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ခဲ့သည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲဖြစ်စဉ်များတွင်လည်း မြန်မာ့သမိုင်း၏ လွှမ်းမိုးမှု များရှိနေပါသည်။ မြန်မာ့သမိုင်းဟုဆိုရာတွင် သမိုင်းဆိုင်ရာဖော်ပြချက်များ၊ သမိုင်းကြောင်း တစ်လျှောက်ရှိခဲ့သော အစဉ်အလာ ယုံကြည်မှုများ၊ ရိုးရာဓလေ့ထုံးစံများ၊ ဆိုရိုးစကားများ၊ အယူအဆများ၊ စာပေများ စသည်တို့ပါဝင်ပြီး ၎င်းတို့အပေါ်မှီတည်၍ နိုင်ငံရေးနှင့်အတူ မြန်မာ့လူ့အဖွဲ့အစည်းသည် အဆင့်ဆင့်ပြောင်းလဲလာခဲ့သည်။ အာဏာရှင်စနစ်သာ ပုံစံအမျိုးမျိုးနှင့် ကြီးစိုးနေသော မြန်မာနိုင်ငံတွင် လူ့အဖွဲ့အစည်း အပေါ်လွှမ်းမိုးလျက် ရှိနေသော သမိုင်းကြောင်း ဆိုင်ရာ ဖော်ပြချက်များအား ပြန်လည်လေ့လာဆန်းစစ်ရန် လိုအပ်နေပါသည်။ ဥပမာအားဖြင့် မြန်မာဘုရင်များ၏ အာဏာရှင်ဆန်သော အပြုအမူများအား သမိုင်းကြောင်းဆိုင်ရာ ဖော်ပြချက် များတွင် သင်ခန်းစာယူစရာအဖြစ် ဖော်ပြထားခြင်းမရှိဘဲ ဘုန်းတန်ခိုးကြီးမြတ်သူ များအဖြစ် ပုံဖော်ထားခြင်းများသည် မြန်မာနိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် အာဏာရှင်ဆန်သော အတွေးအခေါ်များ ကြီးစိုးနေစေသည်(မှူးသစ်၊ ၂၀၂၁)။ သမိုင်းကြောင်းဆိုင်ရာဖြစ်ရပ်များကို ပြန်လည်မှတ်တမ်းတင် သင်ကြားသော သမိုင်းဘာသာရပ်တွင်လည်း ထိုကဲ့သို့ လွဲမှားစွာ ဖော်ပြထား ကြပြီး လူငယ်များအား မှားယွင်းသော အတွေးအခေါ်များ၊ ယူဆချက်များ ရိုက်သွင်းပေးနေခဲ့သည်။

ထို့ကြောင့် အာဏာရှင်စနစ်ကြီးစိုးနေသော မြန်မာ့သမိုင်းဆိုင်ရာဖော်ပြချက်များအား အကြောက်တရား ကင်းသော၊ တရားမျှတသော၊ လွတ်လပ်ခွင့်အပြည့်အဝရှိသော အစရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ဖော်ပြချက်များဖြင့် အစားထိုးဖော်ပြ သင့်ပါသည်။

## (၂.၃) မြန်မာနိုင်ငံ၏ သင်ရိုးညွှန်းတမ်းပြောင်းလဲလာပုံ

မြန်မာ့ပညာရေးသမိုင်းအရ အာဏာရအစိုးရများသည် သင်ရိုးညွှန်းတမ်းများကို ၎င်းတို့၏ နိုင်ငံရေးပေါ်လစီများပေါ် အခြေခံ၍လိုအပ်သလို မွမ်းမံခြင်း၊ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သင်ရိုးညွှန်းတမ်းမွမ်းမံမှုများကို မကြာခဏပြုလုပ်လေ့ ရှိသော်လည်း သင်ရိုးညွှန်းတမ်းအလုံးစုံပြုပြင်ပြောင်းလဲမှုကိုမူ ၁၉၉၅ မှ ၁၉၉၉ ကြားတွင် တစ်ကြိမ်သာပြုပြင်ပြောင်းလဲခဲ့ကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မတိုင်ခင်အထိ အသုံးပြုခဲ့ကြသည် (Win Zaw Htet, 2020, pg-38)။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေ၏ လမ်းညွှန်ချက်များအတိုင်း မြန်မာအမျိုးသား သင်ရိုးညွှန်းတမ်းအညွှန်းမူဘောင်ကိုချမှတ်ကာ သင်ရိုးညွှန်းတမ်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ကာ ပြောင်းလဲနေပြီ ဖြစ်ပါသည်။

## (၂.၄) မြန်မာနိုင်ငံတွင် သင်ကြားနေသော သမိုင်းဘာသာရပ်

မြန်မာနိုင်ငံ၏ ပညာရေးတွင် သမိုင်းဘာသာရပ်ကို အခြေခံပညာမူလတန်းအဆင့်၌ ပထဝီဝင်ဘာသာရပ်နှင့်ပေါင်း၍ လူမှုရေးဘာသာရပ်အဖြစ်သာ သင်ကြားပြီး အလယ်တန်းအဆင့် ရောက်မှသာ အဓိကဘာသာရပ်ကြီးအဖြစ် စတင်သင်ကြားခြင်းဖြစ်ပါသည် (Myanmar Digital News, 2019) ။ ပြောင်းလဲလာသော သင်ရိုးအသစ်တွင်လည်း ထိုအတိုင်းပင် ဆက်လက်သင်ကြား နေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်အနည်းငယ်အတွင်း သင်ကြားပေးခဲ့သော သမိုင်းသင်ရိုးညွှန်းတမ်း များသည် ဗမာလူမျိုးစုတစ်စုကိုသာ အခြေပြုသော သမိုင်းများသာ ဖြစ်ပါသည်။ အာဏာရှင်စနစ်နှင့် လူမျိုးကြီးဝါဒအား ပိုမိုခိုင်မာတောင့်တင်းလာအောင် လုပ်ဆောင်ရာတွင် အမျိုး၊ ဘာသာ၊ သာသနာကိစ္စရပ် များအပြင် သမိုင်း၊ စာပေများသည် အခရာကျသော ဒေါက်တိုင်များပင် ဖြစ်ပါသည်။ တိုင်းပြည်နယ်မြေ အစိတ်အပိုင်းအစုစုကို ဗမာလူမျိုးစုတွေသာလျှင် အစိုးရအပိုင်သိမ်းနိုင်ခဲ့သော ထင်ယောင်ထင်မှားဖြစ်အောင် အနော်ရထာ ၊ ဘုရင့်နောင် နှင့် အလောင်းဘုရားတို့၏ သမိုင်းကို အကွက်ကျကျအသုံးချခဲ့ ကြခြင်းပင်ဖြစ်ပါသည်(စိုင်းထွန်းအောင်လွင်၊ ၂၀၁၆)။ ထို့အပြင်

မစ်ဆူရီတက္ကသိုလ်မှ ပါမောက္ခဖြစ်သော History of Burma စာအုပ်ရေးသားသူ ပါမောက္ခ ရှိဆယ်လီမက်ထရိုက ကာလတာရှည် ပြည်တွင်းစစ်ဖြစ်စေသော အကြောင်းအရင်းတစ်ရပ်မှာ ပြဋ္ဌာန်းကျင့်သုံး နေသော သမိုင်းသင်ရိုးညွှန်းတမ်းစာအုပ်များကလည်း တစိတ်တပိုင်းအနေဖြင့် ပါဝင်နေကြောင်း ပြောကြားခဲ့ပါသည်။ ဆရာမရှိဆယ်လီမက်ထရို အဓိကထောက်ပြထားသော အချက်မှာ သမိုင်းပြဋ္ဌာန်းစာအုပ်များတွင် ဗမာလူမျိုးစုကိုသာ အသားပေးသော သမိုင်းဖော်ပြချက်များကိုသာ အဓိကဖော်ပြထားသောကြောင့် ကျန်ရှိနေသော လူမျိုးစုများအနေဖြင့် ဒုတိယတန်းစား နိုင်ငံသားသဘောမျိုး သက်ရောက်နေကြောင်း ထောက်ပြထားပါသည် (Salem-Gervais, N., & Metro, R. ,2012)။ အချုပ်အားဖြင့်ဆိုသော် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရေးစနစ်တစ်ခုလုံးတွင် ဗမာလူမျိုးများကိုသာ အမွှန်းတင်ထားပြီး ကျန်တိုင်းရင်းသားတွေကို မျက်ကွယ်ပြုထားခဲ့သလို ဖြစ်နေသောကြောင့် ဗမာလူမျိုးများက ကျန်တိုင်းရင်းသားများအပေါ် ဩဇာကြီးတဲ့အသွင်ပေါက်အောင် ပုံဖော်ခဲ့ကြောင်း ပေါ်လွင်နေပါသည်။

ချင်းတိုင်းရင်းသားသုတေသီ ဆရာဆလိုင်းမျိုးချစ်ကလည်း မြန်မာနိုင်ငံတွင် ရေးဆွဲခဲ့သော အခြေခံပညာအဆင့် သမိုင်းဘာသာရပ်(အဟောင်းတွင်) ဗမာလူမျိုးစုများ၏ သမိုင်းကို အလေးပေး သင်ကြားထားပြီး ထိုကဲ့သို့သင်ကြားခြင်းများသည်လည်း မြန်မာ့ငြိမ်းချမ်းရေးလုပ်ရေးစဉ်များ အပေါ်တွင် သက်ရောက်မှုရှိနေသည်ဟု ပြောကြားခဲ့သည်။ ထို့နောက် ၄င်းကပင်ဆက်လက်ပြီး စစ်အစိုးရလက်ထက် သင်ရိုးညွှန်းတမ်း များသည် ကျောင်းသားများ၏ လွတ်လပ်စွာတွေးခေါ်ခွင့်ကို ပိတ်ပင်ထားပြီး ကြောက်ရွံ့စိတ်ရှိစေရန်နှင့် အမိန့်နာခံတတ်စေရန်သာ ဦးတည်ရေးဆွဲထားသည်ကို တွေ့ရကြောင်းဆိုသည်။ မြန်မာ့သမိုင်းသင်ရိုးသည် မတူကွဲပြားသောလူမျိုးစုများ တည်ဆောက် လိုသည့် ဖယ်ဒရယ်ဒီမိုကရေစီအယူအဆများ ဖြန့်ဖြူးပေးခြင်း အားနည်းခြင်း (သို့) မရှိသည်ကို တွေ့ရသည် (လှဲလှဲ၊ ၂၀၂၀)။

အချုပ်အားဖြင့်ဆိုသော် ဤသုတေသနစာတမ်းသည် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော သင်ရိုးညွှန်းတမ်းသစ်များမှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးအသစ်တွင် ဗမာတိုင်းရင်းသား

လူမျိုးစုအပြင် ဗမာမဟုတ်သောတိုင်းရင်းသားလူမျိုးစုများ၏ အကြောင်းပါဝင်မှုရှိ၊ မရှိနှင့် သင်ရိုးအသစ်ပါသင်ခန်းစာများသည် ဖယ်ဒရယ်ဒီမိုကရေစီစံချိန်စံနှုန်းနှင့် ကိုက်ညီမှုရှိမရှိ အပေါ် ပညာရှင်များ၏အကြံပြုချက် ဝေဖန်ထောက်ပြချက်များနှင့်အတူ လေ့လာဆန်းစစ်ဆွေးနွေး သုံးသပ်သွားပါမည်။

## အခန်း(၃) သုတေသနနည်းလမ်းများ

### နည်းလမ်း

ဤစာတမ်းကို မြန်မာနိုင်ငံပညာရေး အလယ်တန်းအဆင့် သမိုင်းသင်ရိုးညွှန်းတမ်း အသစ်အား ဖက်ဒရယ်ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊မရှိကို လေ့လာ သုံးသပ်ပြလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားပြုစုခဲ့ပါသည်။ ထိုအကြောင်းအရာနှင့် စပ်လျဥ်း၍ ရှုထောင့်စုံလင်သော အတွေးအမြင်၊ သတင်းအချက်အလက်များကို အတိုင်းအတာတစ်ခုအထိ နက်နက်နဲနဲ အတွင်းကျကျ လေ့လာနိုင်ရန် ရည်မှန်းချက်ဖြင့် အရည်အသွေးစံပြု သုတေသနနည်းလမ်းကို အဓိကအသုံးပြု ခဲ့ပါသည်။ အရည်အသွေးစံပြု သုတေသနနည်းလမ်းများထဲမှ အသေးစိတ်အင်တာဗျူး (In-depth Interview) နှင့် အရေးကြီးပုဂ္ဂိုလ်အင်တာဗျူး (Elite Interview) လုပ်ဆောင်နည်းများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အင်တာဗျူး လုပ်ရာ၌ တစ်စိတ်တစ်ပိုင်း စီစဉ်သတ်မှတ်ထားသော မေးခွန်းစုများ (Semi-structured Questions) ကိုသာ အဓိက အသုံးပြုခဲ့ပါသည်။


### နမူနာရှာဖွေခြင်း

အောက်ပါ ဆရာ/မ၊ ပညာရှင်များနှင့် အဖွဲ့အစည်းများကို ချိတ်ဆက်မေးမြန်းခဲ့ပါသည်။ အချက်အလက်ကောက်ယူရာတွင် အုပ်စု (၃) စုခွဲကာ ပါဝင်ဖြေဆိုသူစုစုပေါင်း (၇) ဦးအား မေးမြန်း ခဲ့ပါသည်။ အလယ်တန်းအဆင့် သမိုင်းဘာသာရပ်အား သင်ရိုးအဟောင်းနှင့် သင်ရိုးအသစ် နှစ်မျိုး စလုံးကို သင်ကြားဖူးသော အလယ်တန်းပြ ဆရာ၊ ဆရာမ (၃) ဦးတို့ကို မေးမြန်းခဲ့သည်။ ထိုအပြင် အလယ်တန်းပြ ဆရာ၊ ဆရာမများကို ရွေးချယ်ရာတွင်လည်း အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှု တွင် ပါဝင်ခဲ့ဖူးသူများကိုသာ ရွေးချယ်ခဲ့ပါသည်။

အရပ်ဘက်ပညာရေးအဖွဲ့အစည်းများမှ ဒါရိုက်တာ (၂) ဦး၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ (၁) ဦးနှင့် တိုင်းရင်းသားပညာရေးအကြံပေး (၁) ဦး တို့ကို မေးမြန်းခဲ့ပါသည်။ ထိုပညာရှင်များ၊ မူဝါဒရေးဆွဲသူများ ၊ ဆရာ၊ ဆရာမတို့အား ဖြစ်တန်စွမ်းကို

အခြေမခံသည့် နည်းလမ်း (Non-probability Sampling Method) များထဲမှ ရည်ရွယ်ချက်အခြေပြု နမူနာကောက်ယူခြင်းနည်းလမ်း (Purposive Sampling) ကို ရွေးချယ်ခဲ့ပါသည်။

အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူဦးရေနှင့် ၎င်းတို့၏ နောက်ခံ




## လုပ်ငန်းစဉ် (Procedure)

အင်တာဗျူးအတွက် ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများမှ ဒါရိုက်တာ (၂) ဦးနှင့် တိုင်းရင်းသား ပညာရေးအကြံပေး (၁) ဦးတို့ကို သုတေသနသုတေသနMentorမှတဆင့် ချိတ်ဆက်ကာ ဆက်သွယ်ခဲ့ပါသည်။ အစိုးရဘက်မှ ပညာရေးတာဝန်ရှိသူတစ်ဦးကိုမူ ၎င်း၏ ဆက်သွယ်ရေးတာဝန်ခံမှတစ်ဆင့် ချိတ်ဆက် ခဲ့၍ အလယ်တန်းအဆင့် သမိုင်းဘာသာရပ်အား သင်ရိုးဟောင်း၊ သင်ရိုးသစ်နှစ်မျိုးစလုံးအား သင်ကြားဖူးသူ အလယ်တန်းပြ ဆရာ၊ ဆရာမများအား ဆက်သွယ်ရာတွင် အသိဆရာမမှတစ်ဆင့် ချိတ်ဆက်ကာ Phone call, Telegram တို့မှတဆင့် ဆက်သွယ်ခဲ့ပါသည်။

Covid 19အခြေအနေများ၊ နိုင်ငံရေး အခြေအနေများကြောင့် In Depth Interview နှင့် Elite Interview များကို လူတွေ့မေးမြန်းရန် အဆင်မပြေသောကြောင့် အင်တာဗျူးဖြေဆိုသူများ

အဆင်ပြေနိုင်သော Online Platformများ (အထူးသဖြင့် Zoom နှင့် Messenger Call) ရွေးချယ်အသုံးပြုကာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့မှ ဒီဇင်ဘာလ (၁၄) ရက်နေ့အထိ စုစုပေါင်း (၁၇) ရက် အချိန်ယူကာ မေးမြန်းခဲ့ပါသည်။ အင်တာဗျူးမေးမြန်းရာတွင် အဖွဲ့သားအားလုံး ပါဝင်ခဲ့ကြပြီး မေးခွန်းများကိုခွဲဝေကာ အလှည့်ကျ တစ်လှည့်စီ မေးမြန်းခဲ့ကြသည်။

အင်တာဗျူးအစတွင် သုတေသီများမှ ပထမဦးစွာ မိမိကိုယ်ကို မိတ်ဆက်ပြီး၊ မိမိတို့မှ သုတေသနပြုလုပ်မည့် ခေါင်းစဉ်၊ အဆိုပါခေါင်းစဉ်အား ပြုလုပ်ဖြစ်သည့်အကြောင်းအရင်း၊ သုတေသနပြုလုပ်သော အဖွဲ့အစည်း ဖြစ်သော Myanmar Youth for Peace and Development (MYPD) ၏ Students Research Initiative (SRI) Programme အကြောင်းကို ရှင်းပြကြပါသည်။ အင်တာဗျူးပြီးသွားသည့်အချိန်တွင် ပါဝင်ဖြေဆိုသူများအား ကျေးဇူးတင်ကြောင်းပြောပါသည်။

## ဖြစ်လာနိုင်သည့် သက်ရောက်မှုများအား ကြိုတင်ကာကွယ်ခြင်း

ကိုဗစ်ကပ်ရောဂါနှင့် လတ်တလော နိုင်ငံရေးအခြေအနေများကြောင့် ကျွန်ုပ်တို့ သုသေတန အဖွဲ့သည် လူတွေ့အင်တာဗျူးများ မလုပ်ဆောင်ပဲအင်တာနက်ပေါ်မှသာ ဆက်သွယ်၍ ရုပ်သံအင်တာဗျူးဖြင့်သာ အချက်အလက်များကို ပြုစုကောက်ယူခဲ့ပါသည်။ ဆွေးနွေးထားသော အကြံပြုချက်များကို အခြားနေရာတွင် အသုံးပြုမည်မဟုတ်ဘဲ မိမိတို့၏ စာတမ်းတွင်သာ အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း အင်တာဗျူးတွင် ပါဝင်ခဲ့သူများအား ကတိပေးအပ်ခဲ့ပါသည်။ ထို့ပြင် ဖြေဆိုသူများ၏ ပြောကြားချက်များကို လုံခြုံစွာ ထိန်းသိမ်းထားပြီး ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို မည်သူနှင့်မျှ မျှဝေသွားမည် မဟုတ်ကြောင်း အသိပေးခဲ့ပါသည်။ စာတမ်းတွင် အလယ်တန်းအဆင့် ဆရာ၊ ဆရာမများကိုမူ နာမည်အရင်း မထုတ်ဖော်ဘဲ ၎င်းတို့တာဝန်ကျလုပ်ကိုင်ခဲ့သော ဒေသအကြောင်းကိုသာဖော်ပြခဲ့သည်။ အခြားပညာရှင် (၄) ဦးကိုမူ အမည်အရင်းဖော်ပြမှုနဲ့ပတ်သက်၍ အဆင်ပြေခြင်းရှိမရှိမေးမြန်းခဲ့ရာ ၎င်းတို့ထဲမှ (၃) ယောက်က အမည်အရင်းအသုံးပြုရန် ခွင့်ပြုခဲ့ပြီး ကျန်တစ်ယောက်က သူ၏

အမည်အမှန်ကို အသုံးမပြုရန် တောင်းဆိုခဲ့သောကြောင့် ထိုတစ်ယောက်ကိုဖော်ပြရာတွင် အလုပ်အကိုင်နယ်ပယ်ကိုသာ ဖော်ပြပါမည်။

## အခန်း (၄) တွေ့ရှိချက်နှင့် ဆွေးနွေးချက်များ

ကျွန်ုပ်တို့သည် အလယ်တန်းအဆင့် သမိုင်းဘာသာရပ်ပါ သင်ခန်းစာများအား ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ လေ့လာဆန်းစစ်ရန်အတွက် အလယ်တန်းအဆင့် သမိုင်းဘာသာရပ်အား လက်တွေ့သင်ကြားနေသော ဆရာ၊ ဆရာမများ၊ အရပ်ဘက်ဆိုင်ရာသင်ရိုးညွှန်းတမ်းပညာရှင်များ၊ အစိုးရတာဝန်ရှိသူများအား မေးမြန်းရာတွင် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ၎င်းတို့မှာ အလယ်တန်းအဆင့် သမိုင်းသင်ရိုး အဟောင်းနှင့် မြန်မာ့နိုင်ငံရေးဆက်နွယ်မှု၊ အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးသစ်၏ အပြုသဘောဆောင်သော ပြောင်းလဲမှုများ၊ အလယ်တန်းအဆင့် မြန်မာ့သမိုင်းသစ်အပေါ် ဝေဖန်မှုများ၊ ဖယ်ဒရယ်ဒီမိုကရေစီစံနူန်းနှစ်မြုပ်သည့် ဖြစ်သင့်သောအနာဂတ်သမိုင်း သင်ရိုးညွှန်းတမ်း တို့ဖြစ်ပါသည်။

### (၄.၁) အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းနှင့် မြန်မာ့နိုင်ငံရေး ဆက်နွယ်မှု

ကျွန်ုပ်တို့၏ သုတေသနစာတမ်းမှ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းသည် ကျောင်းသူ၊ ကျောင်းသားများ၏ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ အချက်အလက်များအပေါ် ယုံကြည်လက်ခံနားလည်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်လျက်ရှိပါသည်။ အဓိကဆက်နွယ်မှုရှိနေသော အပိုင်းများမှာ (၁) သမိုင်းသင်ရိုးဟောင်းနှင့် လူမျိုးကြီးဝါဒ နှင့် (၂) သမိုင်းသင်ရိုးဟောင်းနှင့် တွေးခေါ်မှု စွမ်းရည်ဟူ၍ ဖြစ်သည်။

### (၄.၁.၁) သမိုင်းသင်ရိုးဟောင်းနှင့် ဝါဒဖြန့်ခြင်း

မြန်မာ့သမိုင်း သင်ခန်းစာများတွင် မြန်မာနိုင်ငံ၏ နယ်မြေအပိုင်းအစစုကို ဗမာဘုရင်များက တိုက်ခိုက်သိမ်း ပိုက်နိုင်ခဲ့သည့်ပုံစံဖြင့် ဗမာဘုရင်များကို အမွန်းတင်ကာ မြန်မာ့သမိုင်းသင်ရိုးကို သင်ကြားစေခဲ့သည်။ ထိုသို့ သင်ကြားစေခဲ့ခြင်းသည် သမိုင်းသင်ရိုးဟောင်းတွင် သမားရိုးကျ အသုံးပြုခဲ့သော သင်ရိုးဖြစ်ခဲ့သည့်အကြောင်းကို မကွေးတိုင်းဒေသကြီးမှ အလယ်တန်းအဆင့်

သမိုင်းသင်ရိုးဟောင်းနှင့် သင်ရိုးသစ်ကို သင်ကြားဖူးသူ ဆရာမ တစ်ဦး ပြောပြထားသည်မှာ "**စနစ်ဟောင်းတုန်းက သင်ရတုန်းကဆိုရင် မင်းတစ်မင်းရဲ့အကြောင်း မှာဆိုရင် ဘယ်မင်းက ဘယ်လို တက်လာတယ် ဘယ်လိုသိမ်းပိုက်တယ်။ ဒီဟာလောက်ပဲပါတာ သမားရိုးကျပဲ လာတယ်လေ စနစ်ဟောင်းမှာကျတော့**။" ဟူ၍ ဖြစ်သည်။ ၎င်းအပြင် အလယ်တန်းအဆင့် မြန်မာ့သမိုင်း သင်ရိုးဟောင်းရှိ သင်ခန်းစာအကြောင်းအရာများမှာ ပြည်တွင်းရှိ အတူနေထိုင်ကြသော အခြားလူမျိုးစုများ၏ သမိုင်းအကြောင်းအရာတစ်စုံတစ်ရာအား မှန်မှန်ကန်ကန်ဖြင့် သင်ကြားစေခြင်း မရှိသောကြောင့် ဘက်လိုက်မှုနှင့်အတူ လူမျိုးကြီးဝါဒီဟူသော ထောက်ပြစရာအချက် တစ်ချက် ဖြစ်လာခဲ့သည်။ ထို့အပြင် သမိုင်းပြဋ္ဌာန်းစာအုပ်များတွင် ဗမာလူမျိုးစုကိုသာ အသားပေးသော သမိုင်းဖော်ပြချက်များကိုသာ အဓိကဖော်ပြထားသောကြောင့် ကျန်ရှိနေသော လူမျိုးစုများအနေဖြင့် ဒုတိယတန်းစားနိုင်ငံသားသဘောမျိုး သက်ရောက်နေသည်။ (Salem-Gervais, N., & Metro, R. ,2012) ထို့ကြောင့် အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံ၏ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းတွင် ပါရှိသော အကြောင်းအရာများသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်အဖြစ် အသွင်မဆောင်သည့်အပြင် အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် နားလည်မှုလွဲစေနိုင်သည့် အဆိပ်အတောက်ဖြစ်စေသော အကြောင်းအရာများနှင့်အတူ မျိုးချစ်စိတ်ဝါဒ၊ လူမျိုးကြီးဝါဒတို့အား ရည်ရွယ်ချက်ရှိရှိထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။

### (၄.၁.၂) သမိုင်းသင်ရိုးဟောင်းနှင့် တွေးခေါ်မှုစွမ်းရည်

သမိုင်းသင်ရိုးညွှန်းတမ်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ သုံးသပ်ခြင်း၊ စဉ်းစား တွေးခေါ်ခြင်း စသည့် လုပ်ဆောင်ချက်များ လုပ်တတ်လာအောင် လေ့ကျင့်ပေးရသော ရည်ရွယ်ချက် တစ်ရပ်ပါဝင်သည် (UK College of Arts and Sciences)။ သို့ရာတွင် မြန်မာနိုင်ငံ၏ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းတွင် ဖက်ဒရယ်ဒီမိုကရေစီဆန်သော တွေးခေါ်မှုစွမ်းရည် များဖြစ်သည့် အတိတ်သမိုင်းကြောင်းများအား ပြန်လည်သုံးသပ်ခြင်း၊ မိမိ၏အတွေးအမြင်အား တင်ပြမှုဝေဆွေးနွေးစေခြင်း၊ အခြားတစ်ဦးတစ်ယောက်၏ သဘောထားအမြင်များကို လေးစားမှု

ရှိခြင်းစသည့်တို့အား ထည့်သွင်းရေးဆွဲထားခြင်းမရှိခဲ့ပေ။ သမိုင်းဘာသာရပ်ကို ၎င်း၊ သည် မရွေး နှုတ်တိုက်ကျက်၍သာ သင်ယူလေ့လာခဲ့ရပြီး ဘာသာရပ်တွင် ပါဝင်သည့် အကြောင်းအရာများကို သဘောပေါက်နားလည်ခြင်းမျိုးမဟုတ်ဘဲ ခုနှစ် သက္ကရာဇ်များ၊ ဘုရင်အမည်များကို ကျက်၍သာ မှတ်သားခဲ့ကြရသည်(မေသက်ဇင်၊ ၂၀၂၀)။ ပဲခူးတိုင်းဒေသကြီးမှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းနှင့် သင်ရိုးသစ်ကို သင်ကြားဖူးသူ ဆရာတစ်ဦး၏ ပြောပြချက်မှာ **"အဟောင်းကျတော့ ကလေးတွေးခေါ်ပိုင်းကိုသိပ်ပြီး ဦးစားပေးထား တာမတွေ့ရဘူး။ အဟောင်းစနစ်ဆို စာကျက်ရတယ်၊ ဖတ်ရတယ်များတယ်။ အဲဒါအပိုင်း တွေ့လည်းကျွန်တော်တို့က ဟိုကလေးတွေကို မကျက်စေချင်ဘူး ဗဟုသုတအထောက်အထား အဟောင်းမှာကျတော့ရှာရတာ နည်းနည်းခက်တယ်။"** ဟူ၍ ဖြစ်ပါသည်။ သမိုင်းသင်ရိုးဟောင်းတွင် ကျောင်းသားကျောင်းသူများကို ဖြန့်ကျက်တွေးခေါ်စေနိုင်ရန် လုံလောက်သော အရင်းအမြစ်များ မပါသည့်အပြင် အလွတ်ကျက်အလွတ်မှတ်စနစ်ကို အဓိကထားပြီး အသုံးပြုထားပါသည်။

ထို့ကြောင့် ခြုံငုံသုံးသပ်မိသော် မြန်မာ့သမိုင်း သင်ရိုးဟောင်းပါသင်ခန်းစာ အကြောင်းအရာများသည် ကလေးများ၏ အတွေးအခေါ်ဖွံ့ဖြိုးစေမှုအပိုင်းနှင့် စဉ်းစားသုံးသပ်စေခြင်းအပိုင်းတွင် အားနည်းနေ ကြောင်းယူဆမိပါသည်။

### (၄.၂) အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးအသစ်၏ ကောင်းမွန်သော ပြောင်းလဲမှုများ

သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်း လဲရခြင်းမှာ ၂၁ရာစုကျွမ်းကျင်မှုများနှင့် အသိပညာများကို ရရှိစေရန် ဦးတည်ရုံသာမက ယခင်သင်ရိုးညွှန်းတမ်း အဟောင်း၏ အားနည်းချက်များနှင့် ချို့ယွင်းချက်များကို ပြုပြင်ရန်အတွက် ဖြစ်သည်ဟူ၍ ၂၀၂၀ခုနှစ်တွင် ထုတ်ဝေခဲ့သော ကိုဝင်းဇော်ထက်၏ "Basic Education Curriculum Reforms in Myanmar and the Role of Social Studies" အမည်ရှိ သုတေသနစာတမ်းတွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ ပြောင်းလဲလာခဲ့ရာ ၎င်းတို့ထဲတွင် အပါအဝင်ဖြစ်သော သမိုင်းဘာသာရပ်ရှိ

သင်ခန်းစာတစ်ချို့တွင်လည်း ပြုပြင်ပြောင်းလဲမှုအချို့ကို လုပ်ဆောင်ခဲ့ကြသည်။ ပြောင်းလဲလာသော သမိုင်းဘာသာရပ်သင်ရိုးညွှန်းတမ်းအသစ်တွင် သင်ရိုးအဟောင်းထက်ပိုမိုကောင်းမွန်လာသော အချက်များ လည်းရှိနေသည်ကို ပါဝင်ဖြေဆိုသူများ၏ ပြောကြားချက်များအရ ကောက်ချက်ချနိုင်သည်။

### (၄.၂.၁) တွေးခေါ်မှုဦးစားပေး သင်ကြားပုံ

ပြောင်းလဲလာသော အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးအသစ်တွင် အပေါင်းလက္ခဏာ ဆောင်သောပြောင်းလဲမှုတစ်ချို့ကိုတွေ့ရသည်။ အဓိကအားဖြင့် သမိုင်း သင်ခန်းစာများ သင်ကြားရာ တွင် တွေးခေါ်မှုဦးစားပေးသင်ကြားစေခြင်းပုံစံကို အသားပေးလာကြောင်းတွေ့ရသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးမှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းနှင့် သင်ရိုးသစ်ကို သင်ကြားဖူးသူ ဆရာတစ်ဦးကမူ **“အသစ်ကျတော့ ကလေးတွေရဲ့ အတွေးအခေါ်ညဏ်တွေကို ပိုပြီးအသားပေးလာတယ်။ အဟောင်းကျတော့ ကလေးတွေးခေါ်ပိုင်းကို သိပ်ပြီဦးစားပေးလာတာမတွေ့ရဘူး။ အဟောင်းစနစ်ဆို စာကျက်ရတယ်၊ ဖတ်ရတာ များတယ်။”** ဟုယှဥ်ပြခဲ့သည်။သမိုင်းကြောင်းဆိုင်ရာ ရုပ်ပုံအထောက်အထား၊ ဓာတ်ပုံအထောက်အထားများဖြင့် ကလေးများ၏ စဉ်းစားတွေးခေါ်နိုင်စွမ်းကို မြှင့်တင်စေရန် သင်ရိုးသစ်သမိုင်းသင်ခန်းစာများကို သင်ထောက်ကူ စုံလင်စွာဖြင့် ပြင်ဆင်ထားကြောင်း တွေ့ရသည်။ ထို့ကြောင့် အလယ်တန်းအဆင့် သမိုင်း သင်ရိုးအသစ်သည် သင်ရိုးအဟောင်းနှင့် နှိုင်းယှဥ်ကြည့်ပါက ကလေးငယ်များ၏ လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်း၊ အစုအဖွဲ့နှင့် လုပ်ကိုင်နိုင်စွမ်း စသည့် soft skillsများ ဦးစားပေးလာကြောင်း တွေ့ရပါသည်။

### (၄.၂.၂) ကောင်းမွန်သော သင်ခန်းစာဖွဲ့စည်းပုံ

အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးအသစ်၏ ကောင်းသော နောက်ထပ် အပြောင်းအလဲများမှာ သင်ခန်းစာဖွဲ့စည်းရာတွင် လက်တွေ့ဆန်၍ အထောက်အထားများ၊ ရင်းမြစ်များ၊ ကျမ်းကိုးစာရင်းများအား ထည့်သွင်းဖော်ပြလာခြင်းပင်ဖြစ်သည်။ ကရင်ပြည်နယ်မှ

အလယ်တန်းအဆင့် သမိုင်းဘာသာရပ်ကို သင်ရိုးဟောင်းနှင့် သင်ရိုးသစ်နှစ်မျိုးစလုံးကို သင်ကြားဖူးသူ ဆရာမတစ်ဦးက သင်ရိုးသစ် အလယ်တန်းမြန်မာ့သမိုင်းဘာသာရပ်၏ ကောင်းသော ပြောင်းလဲချက်များနှင့်ပတ်သတ်၍ **"စနစ်ဟောင်းသမိုင်းမှာကျတော့ မင်းဆက်တွေပဲသင်သွားတယ်။ အခုစနစ်သစ်သမိုင်းမှာကျတော့ ကလေးတွေလည်း လက်လှမ်းမှီတဲ့ နေရာ၊ ဒီမှာလည်း တကယ်ရှိတဲ့ အရာတွေကို တစ်ခုချင်းစီ ရှင်းပြသွားတယ်ပေါ့၊"** ဟု သင်ရိုးအသစ်နှင့် သင်ရိုးအဟောင်း သင်ခန်းစာဖွဲ့စည်းပုံကွာခြားချက်ကို ထောက်ပြထားသည်။ သင်ရိုးအသစ်တွင် သမိုင်းသင်ခန်းစာ များအား ကလေးများထင်သာမြင်သာရှိ၍ လက်တွေ့ဆန်သော သင်ခန်းစာများဖြင့် ဖွဲ့စည်းထားသည်ကို ဆရာမ၏ဖြေကြားချက်မှတစ်ဆင့် တွေ့ရသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးမှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းနှင့် သင်ရိုးသစ်ကို သင်ကြားဖူးသူ ဆရာတစ်ဦးက **သင်ရိုးအသစ် သမိုင်းသင်ခန်းစာများသည် အထောက်အထားစုံလင်စွာ ဖော်ပြထားပြီး ကလေးများအတွက် အဆင်ပြေကြောင်းပြောကြားထားသည်။** ဆရာ၊ဆရာမများ၏ ဖြေကြားချက်များကို သုံးသပ်ခြင်းအားဖြင့် သင်ရိုးအသစ် သမိုင်းဘာသာရပ်ပါ သင်ခန်းစာများသည် လက်တွေ့ဆန်သော သင်ခန်းစာဖွဲ့စည်းပုံ၊ ထင်သာမြင်သာရှိသော သင်ထောက်ကူများ၊ သမိုင်းဆိုင်ရာ ရုပ်ပုံအထောက်အထား၊ စာအထောက်အထားများဖြင့် သင်ရိုးအဟောင်းထက် ပိုမိုကောင်းမွန်အောင် ပြောင်းလဲဖွဲ့စည်းထားပြီး ကလေးများ၏ စိတ်ဝင်စားမှုနှုန်းကို တိုးစေနိုင်ကြောင်းတွေ့ရပါသည်။

### (၄.၃) အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးအသစ်အပေါ် ဝေဖန်မှုများ

အလယ်တန်းဆင့် မြန်မာ့သမိုင်းသင်ရိုးညွှန်းတမ်းအသစ်တွင် ကောင်းမွန်သောပြောင်းလဲခြင်း များရှိသကဲ့သို့ လိုအပ်ချက်များ၊ အဆင်မပြေခြင်းများလည်း များစွာရှိနေပေသည်။ အထူးသဖြင့် ဗမာလူမျိုးစုအသားပေး သမိုင်းများ၊ မှားယွင်းနေသော သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ ငြိမ်းချမ်းရေးအသားမပေးသော မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံတည်ဆောက်မှုပုံစံဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြောင်း စသည့် ဝေဖန်ထောက်ပြမှုများ တွေ့ရသည်။

### (၄.၃.၁) မြန်မာ့သမိုင်းသင်ရိုးသစ်သင်ခန်းစာများတွင်ပါဝင်နေဆဲဖြစ်သည့်လူမျိုးကြီး ဝါဒ

မြန်မာ့သမိုင်းသင်ခန်းစာများတွင် ဗမာလူမျိုးကြီးဝါဒ ကြီးစိုးနေခဲ့သည်မှာ နှစ်ပရိစ္ဆေဒရှိပြီဖြစ်ပြီး မြန်မာ့သမိုင်းသင်ရိုးအသစ်တွင်လည်း ဗမာလူမျိုးကြီးဝါဒသည် မပြောင်းလဲ လျက်ပင်ပါဝင်နေဆဲဖြစ်ပါသည်။ ပြည်ထောင်စု စိတ်ဓာတ်ကို မဖော်ဆောင် နိုင်သည့်အပြင် ဗမာလူမျိုးစုနှင့် ဗမာမဟုတ်သောတိုင်းရင်းသား လူမျိုးစုများအကြား လူတန်းစားခွဲခြား ဆက်ဆံမှုများ ဆက်လက်တည်တံ့နေစေကြောင်းကို တိုင်းရင်းသားပညာရေး အကြံပေးတစ်ဦးဖြစ်သော ဆရာသိန်းနိုင်ကလည်း **"သင်ရိုးအသစ်ရဲ့ သမိုင်းကတော့ အဆင်မပြေပါဘူးပေါ့နော်။ ဒါကပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သမိုင်းမဟုတ်ဘူး ပေါ့။"**ဟု မှတ်ချက်ပြုဖြေကြားခဲ့ပါသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးမှ အလယ်တန်းအဆင့် သမိုင်းသင်ရိုးဟောင်းနှင့် သင်ရိုးသစ်ကို သင်ကြားဖူးသူ ကရင်တိုင်းရင်းသားဆရာတစ်ဦးကလည်း **သင်ရိုးသစ် သမိုင်းသင်ခန်းစာများသည် တိုင်းရင်းသား လူမျိုးစုများ၏ သမိုင်းများကို အနည်းငယ်သာ ဖော်ပြထားပြီး ဗမာလူမျိုးစုများအကြောင်းသာ အဓိက ဖော်ပြထားသောကြောင့် တိုင်းရင်းသား လူမျိုးများ၏ စိတ်ထဲတွင် ကသိကအောက်ဖြစ်ရကြောင်း** သူ၏ခံစားချက်ကို မျှဝေထားသည်။ ဤသို့ဖြေကြားချက်များကိုကြည့်ခြင်းအားဖြင့် ပြောင်းလဲထားသော သင်ရိုးသစ် မြန်မာ့သမိုင်း သင်ခန်းစာများသည် လူမျိုးကြီးဝါဒကို အသားပေးထားခြင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ အခန်းကဏ္ဍကိုနှိမ့်ချထားခြင်း စသော သင်ရိုးအဟောင်း၏ ပုံရိပ်ဆိုးများလွှမ်းမိုးလျက်ရှိနေသေးပြီး ပြုပြင်မှုများစွာပြုလုပ်ရန် လိုအပ်နေသေးသည်။

### (၄.၃.၂) ငြိမ်းချမ်းမှုမဖော်ဆောင်နိုင်သေးသည့် စာသင်ခန်းရပ်ဝန်းနှင့် သင်ခန်းစာများ အကြောင်း

မြန်မာ့သမိုင်းသင်ရိုးညွှန်းတမ်းများသည် ဗမာလူမျိုးကြီးဝါဒကြီးစိုးမှုများ ရှိနေပြီး ထိုအချက်ကပင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် တစ်စိတ်တစ်ပိုင်း သက်ရောက်မှုရှိနေပြီး နှောင့်နှေးခြင်းများ ဖြစ်စေသည် (လွဲလွဲ၊ ၂၀၂၀)။ သမိုင်းထဲတွင်ထင်ရှားသော ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ၏ သမိုင်းကြောင်းများကို မြန်မာ့သမိုင်းသင်ခန်းစာများတွင်

တစ်ဆင့်နှိမ့်ကာ ဖော်ပြထားခြင်း၊ ပယ်ဖျောက်ထားခြင်းများသည် လူမျိုးစုများအကြား နားလည်မှုလွဲမှားစေကာ ငြိမ်းချမ်းရေးအတွက် အဟန့်အတားဖြစ်စေကြောင်းကို ဆရာမဂျာထွယ်ပန်က **"ဗိုလ်ချုပ်အောင်ဆန်းပဲ ငါတို့ရဲ့ ခေါင်းဆောင် အဲ့လိုမျိုးတွေနဲ့ပဲ ကုန်းတိုက်ခြင်းခံခဲ့ရတာပေါ့နော်။ အဲ့ဒီအချက်တွေကတော့ ဒီနိုင်ငံရဲ့ ဒီPeace ပေါ့နော် ငြိမ်းချမ်းရေးကို ပျက်စီးစေတယ်။ မရစေတဲ့ အချက်အကြီးကြီးပေါ့နော်"**ဟု ဖြေဆိုထားသည်။ အလယ်တန်းအဆင့်မြန်မာ့သမိုင်းဘာသာရပ်တွင် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင် စသော စစ်နိုင်ဗမာမင်းများကိုသာ ရှေ့တန်းတင်အရေးပေး ဖော်ပြကာ၊ ၎င်းတို့နှင့် ခေတ်ပြိုင် တိုင်းရင်းသား လူမျိုးခေါင်းဆောင်များ၏ သမိုင်းများကို ထိန်ချန်ထားခြင်းများ ရှိနေ ပေသည်။ ဗမာမင်းများကိုသာ လူစွမ်းကောင်းသဖွယ်ပုံဖော်ပြီး ယနေ့ခေတ်မြန်မာမြေပုံသည် ဗမာမင်းများသာ ထူထောင်ခဲ့သလို ပုံမှားရိုက်ရိုကာ ခေတ်အဆက်ဆက်လွဲမှားလာခဲ့သော နားလည်မှုများကို ဆက်လက်လွဲမှားအောင် ကျောင်းသားလူငယ်များအား တွန်းအားပေးနေပေသည်။

### (၄.၃.၃) ဖက်ဒရယ် ပျောက်ဆဲ သင်ရိုး

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်နေသော ပဋိပက္ခများ၏အဖြေသည် ဖက်ဒရယ်ဒီမိုကရေစီဖြစ်ကြောင်းကို ပညာရှင်တစ်ချို့က ထောက်ပြကြသည်။ သို့သော်လည်း ထိုစကားလုံး၏ အနှစ်သာရအား တိတိကျကျသိရှိသူလူဦးရေထက် မသိသေးသောလူဦးရေက ပိုမိုများပြားနေပေသည်။ ထိုသို့အသိပညာပိုင်းအားနည်းခြင်း၏ အကြောင်းအရင်းတစ်ရပ်မှာ လူတိုင်းကင်းကွာ၍ မရသည့် ပညာရေးတွင် ထိုအကြောင်းအရာများအား ထည့်သွင်းဖော်ပြခဲ့ခြင်း မရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးဖြစ်စဉ်များကို သင်ကြားပေးသော သမိုင်းဘာသာရပ်တွင် ဖက်ဒရယ်အသိသညာများကိုသာမက သင်ခန်းစာများကို ဖက်ဒရယ်စံချိန်စံညွှန်းများနှင့်အညီ ထည့်သွင်းသင်ကြားခဲ့ခြင်းမရှိခြင်းက အဓိကအကြောင်းတစ်ရပ်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် သမိုင်းသင်ရိုးများတွင် ဖက်ဒရယ်အငွေ့ အသက်များသည် ပျောက်ဆုံးနေခဲ့ပြီး ယခုသင်ရိုးသစ်တွင်လည်း ဆက်လက်ပျောက်ဆုံး နေဆဲပင်ဖြစ်သည်။ ထိုအချက်ကို

ဆရာမဂျာထွယ်ပန်က **“သင်ရိုးသစ်ဟာဆိုရင် ဖက်ဒရယ် အပေါ်မှာ အခြေခံပြီး တည်ဆောက်ထားတဲ့ သင်ရိုး မဟုတ်ဘူး၊ နေပြည်တော်အစိုးရက လာတဲ့ narrative ပဲ ဖြစ်သေးတယ်။”** ဟု ဖြေကြားထားသည်။ လက်တွေ့သင်ကြားနေသော ကရင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြ သမိုင်းဘာသာရပ်ကို သင်ရိုးဟောင်းနှင့် သင်ရိုးသစ်နှစ်မျိုးစလုံးကို သင်ကြားဖူးသူ ဆရာမတစ်ဦးကလည်း **“ဆရာမပြောရမယ်ဆိုရင် သမိုင်းအကြောင်းနဲ့ပတ်သတ်ရင် ဒီမိုကရေစီ မပါသလိုဘဲ။ ဆရာမအတွေးပေါ့နော်။ လာလိုက်ရင်အနော်ရထာမင်း၊ စောလူးမင်း၊ ကျန်စစ်သားမင်း၊ မင်းတွေဘဲပါတယ်။ ပြီးရင်ပုဂံမှာဘုရားတွေရှိတယ်၊ ဘယ်သူတည်ထောင်တာ တွေပါတယ်။”** ဟု သင်ရိုးသစ်နှင့်ပတ်သတ်၍ သူ၏အတွေးအမြင်ကို မျှဝေထားသည်။ သင်ရိုးသစ်မြန်မာ့သမိုင်း သင်ခန်းစာများသည် ပြောင်းလဲလာ သော်လည်း ပိုမိုကောင်းမွန်သော၊ ပါဝင်သင့်ပါဝင်ထိုက်သော အကြောင်းအရာများပါဝင်ရန် များစွာလိုအပ်နေပေသေးသည်။

### (၄.၃.၄) ကျားမခွဲခြားမှု ဆက်လက်ကြီးစိုးနေသော သင်ရိုး

မြန်မာ့လူ့အဖွဲ့အစည်းတွင် အမြစ်တွယ်နေသော ကျားမခွဲခြားဆက်ဆံခြင်းများ၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ ကျောင်းသင်ခန်းစာများတွင် အမျိုးသမီးဆိုင်ရာ အခန်းကဏ္ဍများကို နှိမ့်ချဖော်ပြထားခြင်း၊ အမျိုးသားဝါဒီ အသားပေးဖော်ပြထားခြင်းများကြောင့် ဖြစ်သည်ဟု ပညာရှင်တစ်ချို့က ထောက်ပြထားကြသည်။ အထူးသဖြင့် မြန်မာ့သမိုင်းသင်ရိုးများတွင် အမျိုးသမီးသူရဲကောင်းများအကြောင်းကို ထည့်သွင်းဖော်ပြခြင်း နည်းပါးနေပြီး အမျိုးသားဘုရင်များ ၏ အကြောင်းကိုသာ အဓိကထားဖော်ပြထားသည်ကို တွေ့ရသည်။ ထိုအချက်ကို ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်အရေးများကိုလုပ်ဆောင်နေသော မြန်မာအရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ ဒါရိုက်တာတစ်ဦးက မြန်မာ့သမိုင်း သင်ခန်းစာများသည် **“အမျိုးသားဝါဒီဆန်နေကြောင်း၊ သမိုင်းဖန်တီးသူများသည် ယောကျ်ားလေးများသာဖြစ်သည် ဟူသော သဘောသက်ရောက် နေကြောင်း”**ဟု ဖြေကြားထားသည်။ လက်ရှိပြောင်းလဲထားသော အလယ်တန်းဆင့်သမိုင်း သင်ရိုးအသစ်တွင်လည်း အမျိုးသားအသားပေး သင်ခန်းစာဖွဲ့စည်းတည်ဆောက်ပုံကိုသာ

တွေ့နေရပေးသည်။ ဥပမာအားဖြင့် သင်ရိုးအသစ် သတ္တမတန်းသမိုင်းသင်ခန်းစာတွင် မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော အမျိုးသမီးဘုရင်မတစ်ဦးဖြစ်သည့် ရှင်စောပုအကြောင်းကို သုံးကြောင်းမျှသာ ဖော်ပြထားသော်လည်း အမျိုးသားဘုရင်တစ်ဦးဖြစ်သည့် ဘုရင့်နောင်အကြောင်းကိုမူစာမျက်နှာ သုံးမျက်နှာနီးပါး ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးသစ်သည်လည်း ကျားမခွဲခြားသည့်သဘောကို ဆက်လက်ထည့်သွင်းဖော်ပြထား နေသေးပြီး ပြုပြင်ပြောင်းလဲရန်လိုအပ်နေပေသည်။ ထို့ကြောင့် ကျားမခွဲခြားမှုကင်းသည့်နှစ်လိုဖွယ် ကောင်းသော လူ့အဖွဲ့အစည်းဖြစ်လာစေရန် အလယ်တန်းဆင့်မြန်မာ့သမိုင်းသင်ရိုးညွှန်းတမ်းများ ပြုပြင်ရန်လိုအပ်နေပေသေးသည်။

### (၄.၄) ဖယ်ဒရယ်ဒီမိုကရေစီစံနှုန်းနှစ်မြုပ်သည့် ဖြစ်သင့်သောအနာဂတ် သမိုင်းသင်ရိုး ညွှန်းတမ်း

မြန်မာနိုင်ငံ၏ သင်ရိုးညွှန်းတမ်းသည် အဖက်ဖက်မှ လိုအပ်နေသောကြောင့် အချိန်ယူပြုပြင်ရမည်ဖြစ်ပြီး ပါဝင်သင့်၊ပါဝင်ထိုက်သော သင်ခန်းစာများ၊ အကြောင်းအရာများစုံလင်စွာဖြင့် ပိုမိုကောင်းမွန်သော သင်ရိုးညွှန်းတမ်းကိုဖန်တီးယူရမည်ဖြစ်သည်။ ပါဝင်ဖြေဆိုသော ဆရာ၊ ဆရာမများနှင့် ပညာရှင်များကလည်း မြန်မာနိုင်ငံ၏ ဖြစ်သင့်သော သင်ရိုးညွှန်းတမ်းအပေါ် အောက်ပါအတိုင်း ဆွေးနွေးအကြံပြုထားကြသည်။

### (၄.၄.၁) အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တွင် မြန်မာ့သမိုင်းသင်ရိုးပုံဖော် ရေးဆွဲမည့် ပညာရှင်များ

သင်ရိုးညွှန်းတမ်းသည် ပညာရေးဖြစ်စဉ်ကြီးတစ်ခုလုံး၏ အဓိကအသက်သွေးကြောပင်ဖြစ်သည်။ ထို့မျှလောက်အထိ အရေးကြီးသော သင်ရိုးညွှန်းတမ်းအားရေးဆွဲခြင်း လုပ်ငန်းစဉ်သည်လည်း အရေးကြီး၍ သေချာစွာ ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပေသည်။ အဆိုပါသင်ရိုးညွှန်းတမ်းလုပ်ငန်းစဉ်အား ဆောင်ရွက်ရာတွင် မတူညီသောနောက်ခံများမှ ပညာရှင်များပါဝင်ရန် အထူးအလေးပေးဆောင်ရွက်ရန် အရေးကြီးကြောင်းကို ပါဝင်ဖြေဆိုထားသော သင်ရိုးညွှန်းတမ်းပညာရှင်များမှထောက်ပြဆွေးနွေးခဲ့ကြသည်။ တိုင်းရင်းသားပညာရေး အကြံပေး

တစ်ဦးဖြစ်သူ ဆရာသိန်းနိုင်ကလည်း **သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် နယ်ပယ်အစုံမှ ကျွမ်းကျင်ပညာရှင်များ၊ ဆရာ၊ဆရာမများ အပါအဝင် ကျောင်းသားမိဘများပါ ပါဝင်ခွင့် ရနိုင်ရေးအတွက် လမ်းဖွင့်ပေးထားသင့်ကြောင်း၊** ထို့အပြင် ပါဝင်ရေးဆွဲမည့်သူများသည် ပညာရပ် ဝမ်းစာပြည့်ဝရန်လိုအပ်ကြောင်း၊ ပညာရေးစိတ်ပညာ၊ ပညာရေးအတွေးအခေါ်၊ ကလေးများ၏ ဖွံ့ဖြိုးမှုကို သိရှိသောသူများဖြစ်ရန်လိုအပ်ကြောင်း အကြံပြုဖြေကြားထားပါသည်။

ထို့အပြင် ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်အရေးများကိုလုပ်ဆောင်နေသော မြန်မာ အရပ်ဘက် အဖွဲ့အစည်းတစ်ခုမှ ဒါရိုက်တာတစ်ဦးကလည်း **သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ပါဝင်ရေးဆွဲသူများသည် အစွဲဆန္ဒများကင်းရှင်း၍ ရိုးသားရန်လိုအပ်ကြောင်း**ကို ထပ်မံ၍ ထောက်ပြထားသေးသည်။ သင်ရိုးညွှန်းတမ်းပညာရှင်များ၏ အကြံပြုပြောကြားချက်များအရ သင်ရိုးဆွဲခြင်းလုပ်ငန်းစဉ်သည် လွန်စွာအရေးကြီးကြောင်း ပေါ်လွင်နေသည်။ ပါဝင်သင့်ပါဝင် ထိုက်သူများလည်းပါဝင်ရန် လိုအပ်နေ သေးကြောင်း၊ လူမှန်နေရာမှန်ဖြစ်ရန် လိုအပ်နေသေး ကြောင်းကို လည်းကိုလည်း တွေ့ရပါသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် တစ်ဦးတစ်ယောက်ချင်းဖြစ်သင့်သည့်အပြင် ဒေသဆိုင်ရာ ပညာရေး အဖွဲ့အစည်းများကိုပါ ပါဝင်ခွင့်ပြုကာ သင်ရိုးရေးဆွဲသောဖြစ်စဉ်အား ဖက်ဒရယ်ကျကျ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို ဆရာမဂျာထွယ်ပန်ကလည်း **“ဒေသဆိုင်ရာ ပညာရေးအဖွဲ့အစည်း တွေလည်း ရှိလာမယ် သူတို့တွေကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်တယ် သူတို့တွေလည်း Federal Framework ကိုတော့ လိုက်နာရမှာ ဖြစ်တယ် အဲ့ဒီ Federal Framework အတိုင်း သူတို့ရဲ့ ကိုယ်ပိုင်ဒေသအလိုက် curriculum ကို ရေးဆွဲခွင့်ရှိတယ်။”**ဟု ဖြည့်စွက်ဖြေကြားထားသည်။ ဆရာမ၏ ဖြေကြားချက်များကို ကြည့်ခြင်းအားဖြင့် အနာဂတ်တွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြစ်လာစေ ရေးအတွက် ကြိုးစားအားထုတ် နေသည်ကိုတွေ့ရပေသည်။

### (၄.၄.၂) မြန်မာ့သမိုင်းသင်ရိုးအသစ်တွင်ပယ်ဖျက်ရမည့် လူမျိုးကြီးဝါဒ

လွတ်လပ်ပြီးခေတ်မှသည် ယနေ့အချိန်ထိ တိုင်းရင်းသားလူမျိုးစုများနှင့် ဗမာလူမျိုးစုအကြား အဓိကထားဖြစ်ပွားနေသော ပဋိပက္ခများအား ကြာရှည်အောင် တွန်းပို့ခဲ့သည် အကြောင်းအရာများ ထဲတွင် ခေတ်အဆက်ဆက်အစိုးရများ၏ ဝါဒဖြန့်ချီရေးလက်နက်သဖွယ် အသုံးပြုခြင်းခံရသည့် ကျောင်းသင်ရိုးညွှန်းတမ်းများသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤသုတေသနတွင် ပါဝင်ဖြေဆိုထားသော တိုင်းရင်းသား ပညာရေး အကြံပေးတစ်ဦးဖြစ်သူ ဆရာသိန်းနိုင်ကလည်း သမိုင်းသင်ရိုးညွှန်းတမ်း များသည် **မတူကွဲပြားသော လူမျိုးစုအားလုံးအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ခွဲခြားမှုမရှိစေရန် သင်ခန်းစာများတွင်ပါဝင်သော စကားလုံးများ၊ ရုပ်ပုံများ၊ စာသားများကအစဆန်းစစ်ရမည် ဖြစ်ကြောင်း**ကို အထူးအကြံပြုထားသည်။

ဆက်လက်၍ ဆရာက လူမျိုးစုကြီးဝါဒသည် မည်သည့်လူမျိုးမဆိုကင်းရှင်းသင့်ပြီး မျိုးဆက်သစ်များအား လက်ဆင့်ကမ်းရာတွင် ဂရုပြုသင့်ကြောင်းကို **“လူမျိုးစုငယ်တစ်ချို့ရဲ့ သင်ရိုးညွှန်းတမ်းတွေမှာ အတိတ်သမိုင်းမှာတုန်းကတော့ လူမျိုးရေးအရ တစ်ဖက်စောင်းနင်း ဖြစ်တာမျိုး၊ အလွန်အကျွံဖြစ်တာမျိုးတွေ သေချာပေါက် ပါရှိနေခဲ့ပါတယ်။ လူမျိုးစုငယ်တွေရဲ့ ဖတ်စာအုပ်တွေကလည်း ပြန်လည် ဆန်းစစ်ဖို့ လိုအပ်ပါတယ်။”**ဟု ထောက်ပြထားသေးသည်။ ဤအကြောင်းအရာနှင့်ပတ်သတ်၍ ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်အရေးများကို လုပ်ဆောင်နေသော မြန်မာအရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ ဒါရိုက်တာတစ်ဦးကလည်း **လူအများစုက ဗမာလူမျိုးကြီးဝါဒ ပယ်ဖျက်ရေးကိုသာ အဓိကထား ပြောကြားနေကြသော်လည်း ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးစုအသီးသီးထဲတွင်လည်း လူများစု လူမျိုးစုများမှ လူနည်းစု လူမျိုးစုများအပေါ် လူမျိုးကြီးဝါဒကို လက်ကိုင်စွဲကာ ဖိနှိပ်ခွဲခြားဆက်ဆံခြင်းများရှိနေကြောင်းကို**လည်း သတိပေးခဲ့သည်။ လူမျိုးစုတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန် လေးစားမှု၊ တန်ဖိုးထားမှုများရှိမှသာ နားလည်မှုအပြည့်အဝရရှိပြီး ပြဿနာများ ပြေလည်နိုင်မည် ဖြစ်ရာ

ပြဿနာ၏ရင်းမြစ်တစ်ခုဖြစ်သော လူမျိုးကြီးဝါဒအား စာသင်ခန်းအတွင်းမှ ဖယ်ရှားရမည်ဖြစ်ပါသည်။

**(၄.၄.၃) ငြိမ်းချမ်းမှုဦးတည်သော မြန်မာ့သမိုင်း သင်ခန်းစာများ**

မငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအတွင်း အသက်ရှင်နေထိုင်နေရသော လူမျိုးစုများအဖို့ ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းအား လိုလားတောင့်ကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ပြီးခေတ်မှသည် မငြိမ်းချမ်းသောလူ့အဖွဲ့အစည်းအား လက်ဆင့်ကမ်းလာရသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ပါသည်။ သမိုင်းသင်ခန်းစာများသည် ကျောင်းသား၊ ကျောင်းသူများအား ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ လွတ်လပ်ခွင့်၊ လူ့အခွင့်အရေး သဘောသဘာဝများကို မိတ်ဆက်ပေးသင်ကြားပေးသည့် ဘာသာရပ်ဖြစ်ပါသည်။ တိုင်းရင်းသားပညာရေးအကြံပေးတစ်ဦးဖြစ်သူဆရာသိန်းနိုင်က **"သမိုင်းသင်ရိုးညွှန်းတမ်းတွေမှာ ငြိမ်းချမ်းရေးအကြောင်း ပဋိပက္ခတွေ အကြောင်း ဒါတွေကို ထဲထဲဝင်ဝင် သိနားလည်ရတော့မယ်။ ပဋိပက္ခသမိုင်းတွေကို သင်ပေးရမယ်။ ပဋိပက္ခနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းရေးနည်းလမ်းတွေကို သင်ပေးဖို့ လိုအပ်လာတယ်။"**ဟု ထပ်မံထောက်ပြထားသည်။

မုခ်ဦးပညာရေးဖောင်ဒေးရှင်းမှ ဒါရိုက်တာဆရာအောင်မြတ်စိုးကလည်း မြန်မာ့သမိုင်းသင်ခန်းစာများတွင် တိုင်းရင်းသားလူမျိုးစုအချင်းချင်း နားလည်မှု တည်ဆောက်နိုင်ရေးအတွက် **ရိုးရာယဉ်ကျေးမှုများ ဖလှယ်ခြင်း အစီအစဉ်များကို အစိတ်အပိုင်း တစ်ခုအနေဖြင့် ထိထိရောက်ရောက်ဆောင်ရွက်သင့်ကြောင်း** ဆွေးနွေးထားသည်။ တိုင်းရင်းသား လူမျိုးစုအသီးသီး၏ လေးစားတန်ဖိုးထားခြင်းများ၊ ယုံကြည်ကိုးကွယ်ခြင်း များအား ငယ်စဉ်ကတည်းက လေးလေးနက်နက်သိရှိမှသာလျှင် မတူကွဲပြားသောလူမျိုးစုများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သမိုင်းသင်ခန်းစာများသည် ငြိမ်းချမ်းသောစာသင်ခန်းများအဖြစ် ပုံဖော်ပေးနိုင်မည့် သင်ခန်းစာများကို ထည့်သွင်းသင်ကြားရမည်ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။ ငြိမ်းချမ်သောစာသင်ခန်းမှသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဆီသို့

ကူးပြောင်းနိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းမှသည် ငြိမ်းချမ်းသောနိုင်ငံတော်ကို တည်ဆောက်ရမည် ဖြစ်ပါသည်။

### (၄.၄.၄) ဖက်ဒရယ်မူအခြေခံသော သမိုင်းသင်ရိုးညွှန်းတမ်း။

သင်ရိုးညွှန်းတမ်းတစ်ခုတွင်ပါဝင်သည့် သင်ခန်းစာများသည် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှု၊ ခံယူချက်များအပေါ် သက်ရောက်မှုရှိသည်ဖြစ်ရာ ဖက်ဒရယ်နိုင်ငံသို့ ကူးပြောင်းရန် ဦးတည်နေသော မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် နိုင်ငံဦးဆောင်သူများဖြစ်လာမည့် ကျောင်းသား လူငယ်များတွင် ဖက်ဒရယ်စိတ်ဓာတ်များ၊ ဖက်ဒရယ်အတွေးအခေါ်များ ကိန်းအောင်းနေစေရန် ကျောင်းသင်ခန်းစာများ၌ ဖက်ဒရယ်နှင့်သက်ဆိုင်သော သင်ခန်းစာများကို မဖြစ်မနေ ထည့်သွင်းသင်ကြားရန် လိုအပ်လာပေသည်။ ဆရာမဂျာထွယ်ပန်က **"ကိုယ့်ပြည်နယ်ထဲမှာ ရှိတဲ့ လူမျိုးတွေအားလုံးကို ခြုံငုံနိုင်တဲ့ curriculum တွေကို ပြန်ပြီးထည့်ရမှာဖြစ်တယ်၊ လူမျိုးစုအားလုံးရဲ့ စာပေ၊ ဘာသာစကား ယဉ်ကျေးမှုတွေကို ထိန်းသိမ်းပေးမယ့် curriculum တွေကိုထည့် ရေးလာရမယ်ဖြစ်တယ်။"**ဟု ဖယ်ဒရယ်စံနှုန်းနှင့်အညီ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ဘာသာစကားများကို လွတ်လပ်စွာ သင်ယူသင်ကြားလာနိုင်မည့် ပိုမိုကောင်းမွန်သော သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုနှင့်ပတ်သတ်၍ ပညာရေးဝန်ကြီးဌာန၏ သဘောထားအချို့ကို ပြောကြားခဲ့သည်။

သင်ရိုးညွှန်းတမ်းဆိုင်ရာ အရပ်ဘက်ပညာရှင်များမှလည်း ဖက်ဒရယ်သင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်လာရေးအတွက် အကြံပြုထားကြသည်။ မုခ်ဦးပညာရေးဖောင်ဒေးရှင်းမှ ဒါရိုက်တာ ဆရာအောင်မြတ်စိုးက **ကလေးများငယ်ငယ်ကတည်းက ဖက်ဒရယ်၏အဓိပ္ပာယ်ကို နားလည်အောင်သင်ကြားသင့်ကြောင်း၊ ဖက်ဒရယ်ပုံရိပ်ထင်နိုင်သော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲရမည်ဖြစ်ကြောင်း** အကြံပြုဖြေဆိုထားသည်။ ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင် အရေးများကို လုပ်ဆောင်နေသော မြန်မာအရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ ဒါရိုက်တာတစ်ဦးမှလည်း **"မြန်မာ့သမိုင်း ဘာသာရပ်မှာလေ ဖက်ဒရယ်စံနှုန်းတစ်ခုအနေနဲ့ ဒီ diversityက ပါဝင်သင့်တယ်။**

**ကျန်စစ်သားတို့အဖွဲ့နဲ့ပဲ ပြီးနေလို့မရဘူး။”**ဟု မှတ်ချက်ပေးထားသည်။ နိုင်ငံရေးဖြစ်စဉ်များကို ထည့်သွင်းသင်ကြားသော သမိုင်းဘာသာရပ်၌ ဖက်ဒရယ်၏အနှစ်သာရများ၊ ဖက်ဒရယ်စံချိန်စံနှုန်းများ ထည့်သွင်းသင်ကြားသင့် သည့်အပြင် သင်ခန်းစာများကိုလည်း ဖက်ဒရယ်စံချိန်စံနှုန်းများနှင့်အညီ ဖွဲ့စည်းရေးဆွဲရေးသည် အရေးကြီးကြောင်း ကောက်ချက်ချနိုင်ပေသည်။

### (၄.၄.၅) တန်းတူညီမျှ ကျားနှင့်မ။

အမျိုးသမီးဟူသောဖြစ်တည်ခြင်းကို အမျိုးသားဟူသောဖြစ်တည်ခြင်းထက် အဆင့်နိမ့်သည်ဟု ယူဆနေသော မြန်မာ့လူ့အဖွဲ့အစည်း၏ အရိုးစွဲနေသောအမြင်များ၊ အယူအဆများကို ပညာရေးကဏ္ဍတွင် ကျား၊ မခွဲခြားခြင်းကင်းသော သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းဖော်ပြခြင်းအားဖြင့် ပြောင်းလဲအောင် ဖန်တီးယူရမည်ဖြစ်ပါသည်။ မြန်မာ့သမိုင်း သင်ခန်းစာများတွင်လည်း ရာဇဝင်တွင် ထင်ရှားခဲ့သော အမျိုးသမီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုများ အစရှိသောအမျိုးသမီးများ၏ ပြောင်မြောက်သော စွမ်းဆောင်ရည်များကို ထည့်သွင်းဖော်ပြ၍ ခေတ်အဆက်အဆက် အမျိုးသမီးများအပေါ် ဖိနှိပ်မှုများကို ဖယ်ရှားရမည်ဖြစ်ကြောင်း **“အမျိုးသမီးတွေအပေါ်မှာ အစဉ်အလာအရ ဖိနှိပ်တာမျိုးတွေကို ဒါတွေကို သမိုင်းသင်ခန်းစာတွေကနေပြီးတော့ တွန်းလှန်ပေးဖို့ လိုအပ်တယ်။”**ဟု တိုင်းရင်းသားပညာရေး အကြံပေးတစ်ဦးဖြစ်သူ ဆရာသိန်းနိုင်က အကြံပြုထားသည်။ ခွဲခြားဆက်ဆံမှုကင်းသော လူ့အဖွဲ့အစည်းဖြစ်ရန်အတွက် အမျိုးသားလွှမ်းမိုးသောယဉ်ကျေးမှုကို ပယ်ဖျောက်၍ ကျား၊ မမျှတသော သင်ခန်းစာများ၊ စာသင်ခန်းများကို ဖော်ဆောင်ရမည်ဖြစ်ပါသည်။ မြန်မာ့သမိုင်းသင်ခန်းစာများတွင်လည်း သမိုင်းဝင်၊ သမိုင်းတွင်သော အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးနိုင်မည့် သင်ခန်းစာများထည့်သွင်းကာ ကျောင်းသားလူငယ်များအား ခွဲခြားသောအမြင်များကင်းရှင်းအောင် ပြုစုပျိုးထောင်ရမည်ဖြစ်ပါသည်။

### (၄.၄.၆) သုံးသပ်တွေးခေါ် ခြင်းကို ဦးတည်ရည်ရွယ်သော သမိုင်းသင်ခန်းစာများ။

သမိုင်းရဲ့သဘော၊ သမိုင်းရဲ့သမ္မာသည် အတိတ်ကို မှတ်တမ်းတင်ပြီး အနက်ကောက်ချက်ထုတ်ခြင်း၊ အနာဂတ်ကိုမှန်းကြည့်ခြင်း အလုပ်များဖြစ်သည် (ဒေါက်တာသန်းထွန်း ၂၀၀၁၊ မြန်မာသမိုင်း၊ စာမျက်နှာ ၁)။ ထိုနည်းတူစွာ သမိုင်းဘာသာရပ်သည်လည်း ကျောင်းသားလူငယ်များအား အတိတ်ဖြစ်စဉ်များကို စဉ်းစားတွေးခေါ်ဆင်ခြင်သုံးသပ်ကာ ပစ္စုပ္ပန်ဖြစ်ရပ်များနှင့်နှိုင်းယှဉ်၍ ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖန်တီးနိုင်စေရန်အဓိကထား သင်ကြားပေးသော ဘာသာရပ်ဖြစ်ပေသည်။ စာသင်ခန်းအတွင်း သမိုင်းဖြစ်စဉ်၊ ဖြစ်ရပ်များကို လက်တွေ့ကျကျ စဉ်းစားတွေးခေါ်ဆင်ခြင်သုံးသပ်ခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးကြီး၍ ကျောင်းသားကျောင်းသူများ၏ သမိုင်းကိုရှုမြင်ပုံ၊ တွေးခေါ်ပုံများကို လည်း လွတ်လပ်စွာခွင့်ပြုသင့်ကြောင်းကို ဆရာမဂျာထွယ်ပန်က **“ကလေးတွေကို critical thinking နဲ့ အချက်ကျလက်ကျနဲ့ သုံးသပ်ပြတတ်အောင် သင်ကြားပေးဖို့လိုတာ ဖြစ်တယ်၊ ကိုယ်က သွားပြီးတော့မှ အဲ့ဒါက မကောင်းပါဘူး။ anti-colony မကောင်းပါဘူး အဲ့ဒါက မျိုးချစ်စိတ်ဓါတ်ပေါ့နော် တို့ဗမာ အစည်းအရုံး အဲ့ဒါပဲ ကောင်းတယ်ဆိုရင် အဲ့လို သွားပြောလို မရဘူး အဲ့ဒါ သူတိုတွေ သုံးသပ်ပါစေ ကိုယ်ကတော့ ချပြတာလောက်ပဲ ရမယ်”**ဟု စာသင်ခန်းအတွင်း ဖြစ်သင့်သောပုံစံကို ဥပမာပေးဆွေးနွေးထားသည်။ လက်ရှိ မြန်မာ့သမိုင်းသင်ရိုးညွှန်းတမ်းအသစ်သည် အတွေးအခေါ်ပိုင်းအား ခွင့်ပြုထားသော်လည်း စာသင်ခန်းအတွင်း၌မူ ကန့်သတ်ချက်တစ်ချို့ရှိနေသေးပြီး အကြောင်းအရာများကို မှတ်မိစေရန်သာ ဦးစားပေး သင်ကြားထားသောကြောင့် ကျောင်းသားများ စိတ်ဝင်စားမှုနည်းပါးနေသေးသည်။

**အခန်း (၅) သုံးသပ်ချက်နှင့် အကြံပြုချက်များ။**

ဤသုတေသနစာတမ်းကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်မှာ အခြေခံပညာအလယ်တန်းအဆင့်တွင် ထွက်ရှိပြီးခဲ့သော အလယ်တန်းသင်ရိုးအသစ်ရှိ မြန်မာ့သမိုင်း ဘာသာရပ်ပါ သင်ခန်းစာ များကို ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိခြင်း၊ မရှိခြင်းကို ဆန်းစစ်လေ့လာသုံးသပ်ပြီး ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရာတွင် ပညာရေးသည် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ် ဖြစ်သောကြောင့် ပညာရေး၏ ကျောရိုးဖြစ်သည့် သင်ရိုးသစ်သည်လည်း ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းများ ထည့်သွင်းရေးဆွဲ သင့်သည်ဟု ထင်မြင်မိပါသည်။ ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းဟု ဆိုရာတွင် တိုင်းရင်းသား အားလုံးတွက် တန်းတူညီမျှမှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိမှု စသည့် စံနှုန်းများအပေါ် အခြေခံပြီး သင်ရိုးအသစ်မြန်မာ့သမိုင်းသင်ရိုးသည်လည်း တိုင်းရင်းသားများ၏ သမိုင်းကြောင်းရာများအား မည်မျှ၊ မည်ကဲ့သို့ ထည့်သွင်းပေးထားကြောင်း၊ ကျောင်းသားကျောင်းသူများအား လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်း၊ စဥ်းစားနိုင်စွမ်း၊ ပြောနိုင်စွမ်း အစရှိသည်တို့ကို မည်သို့မည်ပုံ လေ့ကျင့်ပေးခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆန်းစစ်လေ့လာခဲ့ကြသည်။ ထို့အပြင် ဤစာတမ်းသည် ပညာရေးနှင့်ဆိုင်သော အဖွဲ့အစည်း (သို့) သင်ရိုးညွှန်းတမ်းအတွက် လုပ်ဆောင်ပေးနေသော အစုအဖွဲ့များနှင့် အဖွဲ့အစည်းအားလုံးတွက် အထောက်အကူပြုနိုင်ရန်လည်း ရည်ရွယ်လုပ်ဆောင်ခဲ့ ခြင်းဖြစ်သည်။

ဤသုတေသနစာတမ်းတွင် လေ့လာချက်များအရ ထွက်ရှိပြီးသွားသော အလယ်တန်းအဆင့် မြန်မာ့သမိုင်းသင်ရိုးသစ်များ၌ အပြုသဘောဆောင်၍ ကောင်းမွန်သော ပြောင်းလဲမှုများ ပါဝင် နေသော်လည်း အခြားတစ်ဖက်တွင်မူ ဝေဖန်ထောက်ပြစရာများစွာ ကျန်ရှိနေပါသေးသည်။ အဓိကအားဖြင့်ဆိုရသော် ဗမာလူမျိုးကြီးဝါဒအသားပေး သမိုင်းဖြစ်ရပ်များကို ဖော်ပြထားသော သမိုင်းသင်ခန်းစာပါဝင်မှု များပြားနေ သေးသကဲ့သို့ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးကို ဖော်ဆောင် နိုင်ရန်အတွက် အကြောင်းအရာများကို ထည့်သွင်း ဖော်ပြမှုများမှာလည်း နည်းပါးနေပေသေးသည်။

ထို့အပြင် သင်ခန်းစာများတွင် ဖော်ပြထားသော သမိုင်းကြောင်းအစဉ်အလာ အဖြစ်အပျက်များအား လေ့လာဆန်းစစ်နိုင်ရန် အခွင့်အလမ်းထည့်သွင်းထားခြင်း မရှိသည့်အပြင် ယင်းသင်ရိုးညွှန်းတမ်းများ မှာလည်း ကျား၊ မ ဖြစ်တည်မှုကို ခွဲခြားရန်ဦးတည်စေသော အရင်းအမြစ်တစ်ခုဖြစ်နေသောကြောင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ထင်ဟပ်ပေါ်လွင်စေမည့် သမိုင်းသင်ရိုးကောင်းတစ်ခု ဖြစ်လာရန် အတွက်လည်း ပြင်ဆင်မွမ်းမံမှုများစွာ လိုအပ်နေသေးသည် ဖြစ်ပါသည်။

ဤစာတမ်း၏ တွေ့ရှိချက်များအပေါ် ဝေဖန်ထောက်ပြစရာများလည်း ရှိပါသည်။ ကျွန်ုပ်တို့ သုတေသနနှင့်သက်ဆိုင်သော အကြောင်းအရာမေးခွန်းများအား အင်တာဗျူးရန်အတွက် နမူနာအုပ်စုများ သတ်မှတ်ရာတွင် မြေပြင်တွင် လက်တွေ့သင်ကြားသင့်သော ဆရာ၊ ဆရာမများ၊ အစိုးရဘက်မှ တာဝန်ရှိသူ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ ကျွမ်းကျင်သူပညာရှင် နှင့် ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသော သူများစသဖြင့် တတ်နိုင်သမျှ ရှုထောင့် စုံလင်အောင် ပါဝင်ထည့်သွင်းထားသော်လည်း သင်ရိုးညွှန်းတမ်းကို ကိုယ်တိုင်ကိုယ်ကျ ရေးဆွဲထား သော ဆရာ၊ ဆရာများနှင့် တာဝန်ရှိသူအချို့ကို ထည့်သွင်းရန် လိုအပ်ခဲ့ပါသည်။ အကြောင်းရင်းမှာ ၎င်းတို့အထဲမှ ကျွန်ုပ်တို့ လက်လှမ်းမီသလောက်ကို ဆက်သွယ်ခဲ့ပါသော်လည်း အချို့မှာ ယခုခေတ်ကာလအခြေအနေ လုံခြုံရေးအကြောင်းအရင်းများကြောင့် လက်မခံခြင်းများလည်းရှိသလို ဆက်သွယ်ရန်အတွက် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာများ ပြောင်းလဲသွား ခြင်းစသည်တို့ကြောင့်လည်း အဆက်အသွယ်ပြုလုပ်ရာတွင် အခက်အခဲများစွာရှိခဲ့သည်။ ထို့ကြောင့် သုတေသနမေးခွန်းအား ဖြေဆိုရန် အဓေရးကြီးအုပ်စုဖြစ်သည့် သင်ရိုးရေးဆွဲသော ဆရာ၊ ဆရာမများအား ထည့်သွင်းနိုင်ခြင်း မရှိခဲ့ပါ။

ထို့အပြင် အလယ်တန်းပြ ဆရာ၊ ဆရာမများကို အင်တာဗျူးပြုလုပ်ရာတွင်လည်း သတ္တမတန်း သင်ကြားဖူးသူများကို ထည့်သွင်းနိုင်ခြင်းမရှိခဲ့ပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် အကြမ်းမဖက် အာဏာဖီဆန်မှုလုပ်ငန်း (Civil Disobedience Movement – CDM) တွင် ပါဝင်ခဲ့သူများနှင့် အခြားပြင်ပ အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများကိုသာ သုတေသန

အင်တာဗျူးနမူနာအုပ်စုတွင် ပါဝင်ထည့်သွင်း ခဲ့သည်။ သို့ရာတွင် သတ္တမတန်းသင်ရိုးသစ်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်းမှသာ အစိုးရကျောင်းများတွင် စတင်တင်၍ သင်ကြားခဲ့သည်ဖြစ်သောကြောင့် ၎င်းသင်ရိုးကို သင်ကြားဖူးသူ အားလုံးမှာ CDM တွင် ပါဝင်ခြင်းမရှိသောသူများဟု ယေဘုယျသတ်မှတ်နိုင်သဖြင့် ထိုအုပ်စုကို ချန်လှပ်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင် ယခုသုတေသနစာတမ်းသည် အလယ်တန်းအဆင့် သမိုင်းသင်ရိုးသစ်ကို ဖက်ဒရယ် ဒီမိုကရေစီ စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ ကို အထူးပြု လေ့လာခဲ့သော်လည်း အဓိကအားဖြင့် စံနှုန်းအချို့ကိုသာ ခြုံငုံမိခဲ့ပါသည်။ ကျွန်ုပ်တို့သည် သင်ရိုးသစ် မြန်မာ့သမိုင်းသင်ခန်းစာများကို လေ့လာ သုံးသပ်ရာတွင် ဗမာမဟုတ်သော တိုင်းရင်းသားအကြောင်းအရာ နည်းပါးစွာ ပါဝင်နေမှု၊ အစွန်းရောက် အမျိုးသားရေးဝါဒနှင့် လူမျိုးကြီးဝါဒလွှမ်းမိုးလွှမ်းနေမှု၊ ကျား၊မ တန်းတူ မညီမျှမှု အစရှိသော အချက်အလက် များကိုသာ အဓိကထား ဆန်းစစ်လေ့လာခဲ့ပြီး မိမိကိုးကွယ်ရာ ဘာသာတရားများကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုနှင့် စပ်လျဉ်းသည့် သင်ခန်းစာများနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုတိုင်းတာရာတွင် တစ်စိတ်တစ်ပိုင်းဖြစ်သော အခြားစံညွှန်းတို့မှာလည်း ထည့်သွင်းစဉ်းစားသင့်သော အကြောင်းအရာများ ဖြစ်ပေသည်။

ဤသုတေသနတွင် လေ့လာသိရှိခဲ့ရသော ရှာဖွေတွေ့ရှိချက်များအပေါ်အခြေခံ၍ အောက်ပါ အကြံပြုချက်များကို ဆွေးနွေးတင်ပြပါမည်။

၁။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစု အသီးသီး၏ ဖြစ်တည်လာပုံ၊ ၎င်းတို့၏ ပင်ကိုယ်အမှတ် အသားများ၊ ရိုးရာယဉ်ကျေးမှုများ၊ တန်ဖိုးထားမှုများကို ထင်ဟပ်ပေါ်လွင်စေမည့် မတူကွဲပြားသော လူများစု၊ လူနည်းစု အားလုံးကိုကို တပြေးညီ အသိမှတ်ပြု ဖော်ပြထားသော သမိုင်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်အား ရေးဆွဲရန်။

၂။ သမိုင်းသင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အစိုးရသမိုင်းသင်ရိုးညွှန်းတမ်းများအပါအဝင် တိုင်းရင်းသား လူမျိုးစုများ၏ ကိုယ်ပိုင်သမိုင်းသင်ရိုးညွှန်းတမ်းများကို လူမျိုးစုပေါင်းစုံ

သမိုင်းပညာရှင်များပါဝင်သော သမိုင်းဆိုင်ရာ ပညာရှင်အဖွဲ့အစည်းဖွဲ့စည်း၍ ပြန်လည်စီစစ်ကာ သမိုင်းသင်ရိုး ညွှန်းတမ်းအသစ်ရေးဆွဲရန်။

၃။ သမိုင်းသင်ရိုးညွှန်တမ်းရေးဆွဲရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရန်နှင့် သက်ဆိုင်ရာဒေသ အလိုက် လူများစု လူမျိုးစုများသာမက လူနည်းစုလူမျိုးစုများ၏ ထောက်ခံမှုရှိသော ကိုယ်စားပြု အဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသအတွင်းရှိ ပညာရေးအဖွဲ့အစည်းများအား ပါဝင် ရေးဆွဲစေ၍ ပါဝင်သင့်ပါဝင်ထိုက်သော အလွှာပေါင်းစုံမှပါဝင်လာစေရန် အာဏာရ အဖွဲ့အစည်းများမှ လမ်းဖွင့်ပေးထားရန်။

၄။ သင်ရိုးညွှန်းတမ်းကျွမ်းကျင်သူများ၊ ပညာရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များအပြင် အစိုးရမဟုတ်သော ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများအား ဖိတ်ခေါ်ရေးဆွဲ၍ ကျောင်းသားမိဘများ၏ အမြင်သဘောထားများကို တောင်းခံရန်။

၅။ စာသင်ခန်းနှင့် သင်ရိုးဖက်စာအုပ်အပြင် မတူကွဲပြားမှုကို လက်တွေ့လေ့လာခြင်း တိုးမြှင့်ရန် ရိုးရာယဉ်ကျေးမှုဖလှယ်ခြင်းဆိုင်ရာ အစီအစဉ်များကို ထည့်သွင်းရေးဆွဲရန်။

၆။ ဗမာလူမျိုးစုနှင့် ဗမာမဟုတ်သော လူနည်းစုများမှ သမိုင်းတွင် မှတ်ကျောက်တင်ခဲ့သော အမျိုးသမီး သူရဲကောင်းများ၊ သမိုင်းဇာတ်ကောင်များအကြောင်းကိုလည်း ထည့်သွင်း ဖော်ပြရန်။

၇။ ဆရာ၊ ဆရာမများအတွက် သင်ခန်းစာများသင်ကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ ဆန်းစစ်တွေးခေါ် ခြင်းဆိုင်ရာကို မြှင့်တင်စေရန် လိုအပ်သော အရင်းအမြစ်များ (Additional Resources) ကို သင်ရိုးညွှန်းတမ်းတွင် ပြီးပြည့်စုံစွာထည့်သွင်းပေးရန်။

၈။ သမိုင်းဘာသာရပ်ပို့ချသော ဆရာ၊ ဆရာမများ၏ ခေတ်စနစ်ဗဟုသုတများ တိုးမြှင့်ရန် နိုင်ငံဝန်ထမ်းလက်စွဲစာအုပ်များ၊ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေး သင်တန်းကျောင်းများ၊ ပညာရေးကောလိပ်များနှင့် ပညာရေးတက္ကသိုလ်များတွင် ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာ အခြေခံမူဝါဒများ၊ စံတန်ဖိုးများအား ထည့်သွင်းရေးဆွဲဖော်ပြရန်။

ဤအကြောင်းအရာနှင့်ဆက်စပ်သော သုတေသနစာတမ်းများပြုလုပ်ရန် ပြင်ဆင်နေသူများ အတွက်လည်း အောက်ပါ အချက်များကို အကြံပြုလိုပါသည်။

ကျွန်ုပ်တို့၏စာတမ်းသည် သင်ရိုးသစ် သမိုင်းသင်ခန်းစာအကြောင်းအရာများကို အထူးပြုလေ့လာခဲ့သော်လည်း သင်ကြားပုံနည်းစနစ်များကို ဆန်းစစ်နိုင်ရန် မစွမ်းသာခဲ့ပေ။ မြေပြင်တွင် လက်တွေ့သင်ကြားနေကြသော ဆရာ၊ ဆရာမများသည် ကလေးငယ်များ၏ အသိပညာဆိုင်ရာ အတွေးအခေါ် များအား ပုံဖော်လမ်းညွှန်ရာတွင် အရေးကြီးသည့် နေရာမှ ပါဝင်သောကြောင့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးနှင့် ဆက်နွယ်သော သုတသနများကို လုပ်ဆောင်သည့်အခါတွင်လည်း ဆရာ၊ ဆရာမများ၏ စာသင်ခန်းတွင်း ပို့ချသင်ကြားပုံများစသည့် အကြောင်းအရာများကိုလည်း ထည့်သွင်း လေ့လာသင့်သည်။

ထို့အပြင် သမိုင်းဘာသာရပ် သင်ခန်းစာများတွင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် နှင့် ဗုဒ္ဓဘာသာမဟုတ်သော အခြားယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာများအကြောင်းကို တင်ဆက် ဖော်ပြမှု နည်းပါနေသေးသဖြင့် ဆန်းစစ်လေ့လာသင့်သော အချက်တစ်ချက်ဖြစ်ပေသည်။

မြေပြင်တွင်လက်တွေ့သင်ကြားနေသော ဆရာ၊ဆရာများ၏ ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာ သဘောတရားအနှစ် သာရများကို နားလည်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ သုတေသနတွင် ဆရာ၊ ဆရာမ (၃) ဦးကိုသာ မေးမြန်းနိုင်ခဲ့ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီဆန်သော စာသင်ခန်းများ ဖြစ်လာရေးအတွက် စာသင်ခန်းအတွင်း ဦးဆောင်သူများဖြစ်သော ဆရာ၊ ဆရာမများ၏ ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာ သိမှုအဆင့်၊ သိမှု ပမာဏ၊ မှန်ကန်စွာ နားလည်သိရှိထားမှုစသော

အချက်များသည်လည်း လွန်စွာအရေးပါပေသည်။ ထို့ကြောင့် ဤသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍လည်း အရေအတွက်စံပြုသုတေသနနည်းနာ (Quantitative Research Method) ကို အသုံးပြုကာ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတွင် တာဝန်ကျလုပ်ကိုင်နေသော ဆရာ၊ ဆရာမများ၏ သိမှုအတိုင်းအတာ ကို လေ့လာဆန်းစစ်သင့်ပေသည်။

နောက်ဆက်တွဲ

**အင်တာဗျူးတွင် အသုံးပြုခဲ့သော မေးခွန်းများ (မှတ်ချက် -** Semi-structured interview style)

❖ **အလယ်တန်းပြသမိုင်းဘာသာရပ် သင်ကြားဖူးသူ ဆရာ/မတစ်ဦးအား မေးမြန်းရန်မေးခွန်းများ**

<u>သမိုင်းသင်ရိုးနှင့် ပတ်သက်သော အကြောင်းအရာများ</u>

- သမိုင်းဘာသာရပ်ကို ဘယ်နှနှစ် သင်ကြားခဲ့ပါလဲ။
- သမိုင်းဘာသာရပ်ကို သင်ကြားတဲ့အခါ ဘယ်လိုအရည်အချင်းတွေရှိသင့်တယ်လို့ ထင်မြင်မိပါသလဲ။
- သင်ရိုးသစ်ပါ သမိုင်းသင်ခန်းစာက သင်ရိုးဟောင်းနဲ့ ဘယ်လိုကွာခြားမှုရှိပါသလဲ။
- သင်ရိုးညွှန်းတမ်းမှာရှိ သမိုင်းသင်ခန်းစာများသည် မိမိ၏ သင်ကြားနည်းစနစ်ကို ဘယ်လို အထောက်အပံ့ ဖြစ်စေပါသလဲ။ ဆရာ/မအမြင်လေးသိပါရစေ။ (critical thinking, raise questions, free discussion)
- အလယ်တန်း မြန်မာ့ သမိုင်းသင်ရိုးသစ် သင်ရိုးညွှန်းတမ်းမှာ ဘယ်လိုအကြောင်းအရာတွေ ပါဝင်ပါသလဲ။
- သမိုင်းသင်ရိုးသစ် ပါဝင်တဲ့အချက်အလက်မှန်ကန်မှု ဘယ်လောက်ရှိပါသလဲ။

<u>တိုင်းရင်းသားလူမျိုးစုအကြောင်းအရာနှင့် ပတ်သက်သော မေးခွန်းများ</u>

- မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးစုတွေအကြောင်း ပါလား။ အကယ်၍ပါခဲ့ရင် နယ်ပယ်ဘယ်လောက် အထိ ထည့်ထားပါသလဲ။
- မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးစုအကြောင်း သင်ရိုးဖတ်စာအုပ်မှာ ပါဖို့ အရေးကြီးလား။ ဘာကြောင့်လဲ။
- တိုင်းရင်းလူမျိုးစုတွေအတွက် ပါဝင်သင့်သော သင်ခန်းစာများအကြောင်း ထင်မြင်မိသလောက် ပြောပြပေးလို့ရနိုင်မလား။

ဖက်ဒရယ်ဒီမိုကရေစီနှင့် သက်ဆိုင်သော မေးခွန်းများ

- ဒီမိုကရေစီပညာရေးစနစ်ဆိုတာကို ဘယ်လိုနားလည်ထားပါသလဲ။
- မြန်မာနိုင်ငံရဲ့ သင်ကြားနေတဲ့ သမိုင်းဘာသာရပ်က ဒီမိုကရေစီစံနှုန်းတွေကို မိတ်ဆက်ပေးနေရဲ့လား။ ကျောင်းသားတွေကို ပို့ချပေးရဲ့လား။ ဘယ်လိုမြင်ပါသလဲ။
- ဖယ်ဒရယ်ပညာရေးဆိုတာကိုရော ဘယ်လိုနားလည်ထားပါသလဲ။
- မြန်မာနိုင်ငံရဲ့ သင်ကြားနေတဲ့ သမိုင်းဘာသာရပ်က ဖယ်ဒရယ်စံနန်းတွေကို ပို့ချပေးနေရဲ့လား။ ဘယ်လိုမြင်ပါသလဲ။ ဖက်ဒရယ်စံနှုန်းတွေနဲ့ရော ကိုက်တယ်လို့ ထင်လား။
- သင်ရိုးသစ်ပါ သမိုင်းသင်ခန်းစာက ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှု ဘယ်လိုရှိပါသလဲ။ တိုင်းရင်းသားကျောင်းသားတွက်ရော အခက်အခဲတွေရှိပါလား။ ဘယ်လိုအခက်အခဲတွေရှိလေ့ရှိလဲ။

❖ **ပညာရေးဘက် အရပ်ဘက်အဖွဲ့အစည်း ပညာရှင်များအား မေးမြန်းရန်။**

1. သင်ရိုးရေးဆွဲတဲ့အခါ ဘယ်သူတွေပါဝင်သင့်ပါသလဲ။ မြန်မာနိုင်ငံမှာ သင်ရိုးရေးဆွဲတဲ့အခါ ဘယ်ပညာ ရှင်တွေနဲ့အတူ ပါဝင့်သင့်ပါသလဲ။
2. ဖယ်ဒရယ်ဒီမိုကရေစီသွားနေတဲ့နိုင်ငံမှာ ပညာရေးအခန်းကဏ္ဍက ဘယ်လောက်ထိအရေးပါသလဲ။ ဘယ်လို ထင်မြင်သလဲ။ ပညာရေးက ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်နိုင်ဖို့ဘယ်လိုထောက်ပံ့ပေးနိုင်မလဲ။
3. ဒီမိုကရေစီပညာရေးစနစ်ဘက်ကို သွားနေတဲ့ သင်ရိုးညွှန်းတမ်းမှာ ဘယ်အကြောင်းအရာတွေ ပါဝင်သင့်ပါသလဲ။
4. ဒီမိုကရေစီပညာရေးဖြစ်ဖို့ သမိုင်းဘာသာရပ်က ဘယ်လို သက်ရောက်မှု ရှိနိုင်မလဲ။ (How history subject could affect democracy education?)

5. လက်ရှိထွက်ရှိထားတဲ့ အလယ်တန်းသင်ရိုးသစ်မှာ ဘာတွေအဓိကလိုအပ်ချက်ရှိတယ်လို့ ထင်လဲ။ ဘယ်လိုတွေ ပြင်ဆင်နိုင်မလဲ။ မြန်မာနိုင်ငံရဲ့ သမိုင်းသင်ရိုးညွှန်းတမ်းကို ဘယ်လိုမြင်ပါသလဲ။ ဘယ်အပိုင်းတွေမှာ လိုအပ်မှုရှိနေ တယ်လို့ ထင်ပါသလဲ။
6. မြန်မာနိုင်ငံသမိုင်းဘာသာရပ်မှာ ဖက်ဒရယ်စံနှုန်းပါဝင်ဖို့ အရေးကြီးတယ်လို့ ထင်မြင်မိပါသလား။ ဘာကြောင့် ပါဝင်ဖို့အရေးကြီးတာလဲ။
7. အလယ်တန်းအဆင့် မြန်မာ့သမိုင်းဘာသာရပ်မှာ ဘယ်လိုသမိုင်းအချက်အလက်တွေ ပါဝင်သင့်လဲ။ ဘာကြောင့်လဲ။
8. မြန်မာနိုင်ငံရဲ့ ဘယ်လိုသမိုင်းသင်ရိုးတွေက နိုင်ငံရဲ့ နိုင်ငံရေးတည်ဆောက်မှုပုံစံနဲ့ ကိုက်ညီမယ်လို့ ထင်ပါသလဲ။
9. သမိုင်းသင်ရိုးညွှန်းတမ်းနဲ့ ငြိမ်းချမ်းရေး၊ ပြည်တွင်းစစ် ဆက်စပ်မှုရှိတယ်လို့ ထင်ပါသလား။ ဘယ်လိုသက်ရောက်မှုရှိနေပါသလဲ။
10. မြန်မာ့သမိုင်းသင်ရိုးက မြန်မာနိုင်ငံက ကျောင်းသူကျောင်းသားတွေရဲ့ perspective, belief on federal democracy ဘယ်လိုသက်ရောက်မှုရှိစေနိုင်ပါသလဲ။

❖ **အမျိုးသားညီညွတ်ရေးအစိုးအဖွဲ့မှ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရန်။**

- သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲတဲ့အခါ ဘယ်လိုပညာရှင်တွေ ပါဝင်သင့်လဲ။ မြန်မာနိုင်ငံရဲ့ သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲတဲ့အခါမှာရော ဘယ်နယ်ပယ်က ဘယ်လို ပညာရှင်တွေ ပါဝင်သင့်လဲ?
- Federal Democracy ကို သွားဖို့အတွက် ပညာရေးကဏ္ဍက ဘယ်လောက်ထိများ အရေးပါနေလဲ။ ပညာရေးကဏ္ဍမှာလည်း ဒီဖက်ဒရယ် ဒီမိုကရေစီ ဖြစ်ဖို့ ဘယ်လောက်ထိ ထောက်ပံ့ပေးနိုင်လဲ။
- ဖက်ဒရယ်ဒီမိုကရေစီသွားနေတဲ့ ပညာရေးမှာ ပါတဲ့ သင်ရိုးညွှန်းတမ်းတွေက ဘယ်လို အကြောင်းအရာတွေပါဝင်သင့်လဲ။

- Federal Democracy ပညာရေး ဖြစ်ဖို့ သမိုင်းဘာသာရပ်ရဲ့ ကဏ္ဍ။ ဘယ်လို သက်ရောက်နေလဲ။
- သင်ရိုးသစ်မှာရော ဘယ်လို လိုအပ်ချက်တွေ ရှိသေးလဲ၊ ဘယ်လို ပြင်ဆင်ရမလဲ။
- လိုအပ်တဲ့ content နဲ့ concept အပိုင်းကို ဘယ်လိုမျိုးပြင်ဆင်နိုင်မလဲ။ (follow-up question)
- သမိုင်းမှာပါတဲ့ သင်ရိုးတွေက ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ အခက်အခဲတစ်ခုအနေနဲ့ ဖြစ်စေလား? သမိုင်းသင်ရိုးညွှန်းတမ်းနဲ့ ငြိမ်းချမ်းရေး၊ ပြည်တွင်းစစ် ဆက်စပ်မှုရှိတယ်လို့ ထင်ပါသလား။
- မြန်မာနိုင်ငံရဲ့ ဘယ်လိုသမိုင်းသင်ရိုးတွေက နိုင်ငံရဲ့ နိုင်ငံရေးတည်ဆောက်မှုပုံစံနဲ့ ကိုက်ညီမယ်လို့ ထင်ပါသလဲ။
- တိုင်းရင်းသားတွေဘက်မှာရော အစွန်းရောက် အမျိုးသားရေး ဝါဒီဆိုတာကို ထည့်သွင်းတာ အနည်းနဲ့အများရှိလား။
- မြန်မာ့သမိုင်းသင်ရိုးက မြန်မာနိုင်ငံက ကျောင်းသူကျောင်းသားတွေရဲ့ perspective, belief on federal democracy ဘယ်လိုသက်ရောက်မှုရှိစေနိုင်ပါသလဲ။
- ဆရာ/မFederal Democracy နဲ့ပတ်သက်ပြီး နားလည်သဘောပေါက်မှုက အကန့်အသတ်ရှိနေတဲ့ အပေါ် ဆရာမ အမြင်။ မေးခဲ့တဲ့ဆရာ၊ဆရာမအများစုဟာ ဖက်ဒရယ်ဒီမိုကရေစီပညာရေးအကြောင်းအရာတွေနဲ့ ဗဟုသုတနည်းပါးမှုအပေါ် ဘယ်လို မြင်လဲ။
- အခြေခံပညာ သင်ရိုးညွှန်းတမ်းတွေ ပြန်ပြောင်းတော့မယ်ဆိုရင် အစကနေ အဆုံး ပြောင်းလဲဖို့လိုလား၊ modify လုပ်ရုံနဲ့ အဆင်ပြေနိုင်မလား ။

**ကျမ်းကိုးစာရင်း**


စိုင်းထွန်းအောင်လွင်. (၂၀၁၆). သျှမ်းသံတော်ဆင့်. အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိဖို့ သမိုင်းပြဋ္ဌာန်းစာအုပ်တွေပြင်ကြစို့.

ဆဋ္ဌမတန်းသမိုင်းကျောင်းသုံးစာအုပ်၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်။

မှူးသစ်. (2021, January 3). *မြန်မာ့နိုင်ငံရေးအခြေအနေကို အကောင်းဆုံးထုတ်ဖော်ပြောပြနေတဲ့ မြန်မာ့နိုင်ငံရေးခလေ့*. Myanmar NOW. Retrieved from https://www.myanmar-now.org/mm/news/5365

မေသက်ဇင်. (၂၀၂၀, ဇန်နဝါရီ ၄). *'လူအ' မရှိသော နိုင်ငံတော်*. The Voice Journal. Retrieved from https://thevoicejournal.com/archives/23360

ပြည်ထောင်စု လွှတ်တော်. (2014). *အမျိုးသားပညာရေးဥပဒေ,* အခန်း (၁), အပိုဒ် (လ).

ဖြူဖြူသင်းကျော်. (2017, June 1). *မြန်မာနိုင်ငံ၏ပညာရေးပြုပြင်ပြောင်းလဲမှု*. Global Campaign for Peace Education. Retrieved from https://www.peace-ed-campaign.org/my/reform-myanmar/

လဲ့လဲ့. (၂၀၂၀၊ ဇူလိုင် ၂). *အင်တာဗျူး: ပြည်ထောင်စု စိတ်ဓာတ် ဖြစ်စေမယ့် သင်ရိုးညွှန်းတမ်းတွေ ဖြစ်သင့်တယ်.* Retrieved from https://burma.irrawaddy.com/opinion/interview/2020/07/02/225631.html

သတ္တမတန်းသမိုင်းကျောင်းသုံးစာအုပ်၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်။

ဒေါက်တာသန်းထွန်း. (၂၀၀၁). မြန်မာသမိုင်း နိဒါန်း, စာမျက်နှာ (၁).

Bhardwaj, A. (2016). Importance of education in human life: A holistic approach. *International Journal of Science and Consciousness*, *2*(2), 23-28.

Collins, J., & Hess, M. E. , Lowery, C. L. (2019). Democratic Spaces: How Teachers Establish and Sustain Democracy and Education in Their Classrooms. *Democracy and Education*, 27 (1), Article 3.

Gautschi, P. (2015). GOOD HISTORY TEACHING IN SWITZERLAND. *Joinedup History: New Directions in History Education Research*, 137.

Haddad, W. D. (1990). *Education and Development: Evidence for New Priorities. World Bank Discussion Papers No. 95*.

Htet, W. Z. (2020). Basic Education Curriculum Reforms in Myanmar and the Role of Social Studies. *The Journal of Social Studies Education in Asia,(9)*, 38.

India Today Web Desk. (2020, July 22). *What is Democratic Education?* What is democratic education? Retrieved January 8, 2022, from https://www.indiatoday.in/education-today/featurephilia/story/what-is-democratic-education-1703221-2020-07-22

Ministry of Education. (2015). *Myanmar National Curriculum Framework (5th Draft)* . The Republic of the Union of Myanmar. Retrieved from https://www.lextutor.ca/myanmar/curriculum _framework_ v5.pdf

Myanmar Digital News. (n.d.). *အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ* . Myanmar Digital News. Retrieved from http://www.mdn.gov.mm/my/akhekhnpnnyaaachng-sngriunnynttm-pngchngrechaicheaangrkkhngchiungraa-ckaawiungchenepai

Myanmar Digital News. (2019, March 26). *အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ စကားဝိုင်းကျင်းပ အပိုင်း(၂).* Myanmar Digital News. Retrieved from http://www.mdn.gov.mm/my/akhekhnpnnyaaachng-sngriunnynttm-pngchngrechaicheaangrkkhngchiungraa-ckaawiungkngp-apiung2

Myanmar Times. (2017, March 9). *Operational Data Portal.* News - မြန်မာ့အခြေခံပညာရေးသင်ရိုးညွှန်းတမ်းများ ပြောင်းလဲခြင်း.from https://data2.unhcr.org/en/news/15972

Ndlovu, M. (2013). Mobilising history for nation-building in South Africa: A decolonial perspective. *Yesterday and Today*, (9), 01-12.

Oliver, D. E. (2004). Human capital theory and higher education in developing countries. *Journal of Thought*, *39*(1), 119-130.

Paw, J. G. K. (2019, March 22). *ပညာရေး (education) နှင့်အယူဝါဒသွတ်သွင်းမှု (indoctrination).* Retrieved from https://juliusgkp.blogspot.com/2019/03/education-indoctrination.html

Salem-Gervais, N., & Metro, R. (2012). A textbook case of nation-building: The evolution of history curricula in Myanmar. *Journal of Burma Studies*, *16*(1), 27-78

Scratch, D. (2019, April 7). *The purpose of education in a Democratic society*. SWHELPER. Retrieved January 8, 2022, from https://swhelper.org/2014/12/12/purpose-education-democratic-society/

UK College of Arts and Sciences. (n.d.). *Goal of the History Curriculum*. UK College of Arts and Sciences. Retrieved January 31, 2022, from https://history.as.uky.edu/goals-history-curriculum

UNDP (Myanmar). (2013, May 23). *26 Years After, Myanmar Mulls to be a LDC Graduate*. Retrieved from Https://Www.Mm.Undp.Org/Content/Myanmar/En/Home/Presscenter/Articles/2013/05/Ldcgraduation.Html